ပုံစံ(မနသ-၂)

၄၂၃

၂၆.၄.၂၀၀၃

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ်၊ မနသ-......၆၁၁...../ ၂၀၀၃ ။   ၂၀၀၃ ခုနှစ်၊ ဧပြီ လ ၂၆ ရက်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၀ အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) ရင်းနှီးမြှုပ်နှံသူ၏ အမည် ဒေါ်သီသီဝင်း

(ခ) အဘအမည် ဦးပန်းစိန်

(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ် ၁၂/သဃက(နိုင်)၀၆၈၇၀၅

(ဃ) နေရပ်လိပ်စာ အမှတ်၅၊ မိုးမခလမ်း၊ (၄၆) ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့

(င) ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့်အဖွဲ့အစည်း မြန်မာဧရာဝတီထုတ်လုပ်မှုကုမ္ပဏီလီမိတက် (Myanmar Ayeyarwaddy Manufacturing Co., Ltd.)

(စ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား CMP စနစ်ဖြင့်အထည်ချုပ်လုပ်ခြင်းလုပ်ငန်း

(ဆ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ(များ) ~~မြေကွက်အမှတ်(၉)၊ မြေတိုင်းရပ်ကွက်အမှတ် (၄၀၈/B) စဉ့်ငုရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း~~ အမှတ် (၁၄၉/၁၅၀)၊ ဦးတရုတ်ကြီးလမ်း၊ စက်မှုဇုန်(၄)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်း ။

(ဇ) မတည်ငွေရင်းပမာဏ(ကျပ်) (၁၉.၆၄) သန်း (ကျပ်တစ်ဆယ့်ကိုးသန်း ခြောက်သိန်းလေးသောင်း)

[left margin note:] ...င်းနှီးမြှုပ်နှံမှု ...လုပ်သည့်အရပ်ဒေသအား (၉-၇-၂၀၀၈) နေ့တွင်ကျင်းပ ...သည့်ကော်မရှင်၏ (...၁၂/၂၀၀၈) ...ည်းအဝေး ...ဖြတ်ချက်အရ ...ပြင်ဆင်သည်။ ...အမိန့်အရ -

(ဗိုလ်မှူးကြီးသူရိန်ဇော်)
အတွင်းရေးမှူး

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရုံးအမှတ်(၃၂)၊ နေပြည်တော်

FAX: 95-67-406333

တယ်လီဖုန်း-၀၆၇-၄၀၆၃၃၄၊ ၄၀၆၀၇၅။

စာအမှတ်၊ ရက-၆(က)/မ- ၈၉၀/၂၀၀၈(၁၀၅၃၃)
ရက်စွဲ၊ ၂၀၀၈ ခုနှစ်၊ ဇူလိုင် လ ၂ ရက်။

အကြောင်းအရာ။ ။မြန်မာဧရာဝတီထုတ်လုပ်မှုကုမ္ပဏီလီမိတက်(Myanmar Ayeyarwaddy Manufacturing Co., Ltd.)မှ စက်ရုံတည်နေရာ ပြောင်းရွှေ့ခွင့် လျှောက်ထားခြင်း ကိစ္စ။

ရည်ညွှန်းချက် ။ ။မြန်မာဧရာဝတီ ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက်၏(၁၈-၆-၂၀၀၈) ရက်စွဲပါစာ။

၁။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၉-၄-၂၀၀၈)နေ့တွင် ကျင်းပသည့် (၁၂/၂၀၀၈) ကြိမ် မြောက် အစည်းအဝေး ဆုံးဖြတ်ချက် အရ မြန်မာဧရာဝတီ ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် (Myanmar Ayeyarwaddy Manufacturing Co., Ltd.) ၏ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည့် အရပ်ဒေသအား မူလခွင့်ပြုခဲ့သော " မြေကွက်အမှတ် (၉)၊ မြေတိုင်းရပ်ကွက်အမှတ် (၄၀၀-B)၊ စဉ့်ငူရပ်ကွက် ၊အင်းစိန်မြို့နယ် ၊ရန်ကုန်တိုင်း " မှ " အမှတ် (၁၄၉/၁၅၀)၊ ဦးတရုတ်ကြီး လမ်း၊ စက်မှုဇုန်(၄)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်း " သို့ ပြောင်းရွှေ့ လုပ်ကိုင်ခွင့် ပြုလိုက်သည်။

၂။ အထက်ပါဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် မှ ထုတ်ပေးခဲ့သော(၂၆-၄-၂၀၀၃) ရက်စွဲပါ ခွင့်ပြုမိန့် အမှတ်၊ မနသ- ၆၁၁ /၂၀၀၃ တွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည့် အရပ်ဒေသအား " အမှတ် (၁၄၉/၁၅၀)၊ ဦးတရုတ်ကြီးလမ်း၊ စက်မှုဇုန်(၄)၊ လှိုင်သာယာ မြို့နယ်၊ ရန်ကုန်တိုင်း " ဟု ပြင်ဆင် လိုက်သည်။

၃။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် မှ ထုတ်ပေးခဲ့ သော(၂၆-၄-၂၀၀၃) ရက်စွဲပါ အမိန့် ကြော်ငြာစာ အမှတ်၊ ၅၉/၂၀၀၃ (မနသ)၏ အပိုဒ်-၁တွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည့် အရပ်ဒေသအား " အမှတ် (၁၄၉/၁၅၀)၊ ဦးတရုတ်ကြီး လမ်း၊ စက်မှုဇုန်(၄)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်း " ဟူသော စကားရပ်ဖြင့် အစားထိုး သတ်မှတ်လိုက်သည်။

၄။ ထို့အပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် မှ ထုတ်ပေးခဲ့ သော(၂၆-၄-၂၀၀၃) ရက်စွဲပါ အမိန့် ကြော်ငြာစာ အမှတ် ၊ ၅၉ /၂၀၀၃ (မနသ)တွင် အပိုဒ်(၇)အဖြစ် အောက်ပါ စာပိုဒ်ကို ထည့်သွင်း ဖော်ပြလိုက်သည်။

" အဆိုပြုလုပ်ငန်းဆောင်ရွက်ရန်အတွက် မြေနှင့်အဆောက်အဦ အငှားချထားသူ ဦးခင်ထွေး နှင့် အငှားချထားခြင်း ခံရသူ ဒေါ်သီသီဝင်း (Myanmar Ayeyarwaddy Manufacturing Co., Ltd.) တို့အကြား ချုပ်ဆိုသည့်မြေနှင့်

အဆောက်အဦဌားရမ်းခြင်း သဘောတူစာချုပ်မိတ္တူ(၅)စောင်ကို ဤကော်မရှင်သို့ မပျက်မကွက် ပေးပို့ ရမည်။ "

၅။ မြန်မာဧရာဝတီ ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် (Myanmar Ayeyarwaddy Manufacturing Co., Ltd.) သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် မှ ထုတ်ပြန်ထားသည့်(၂၆-၄-၂၀၀၃) ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ်၊ ၅၉ /၂၀၀၃ (မနသ)ပါ စည်းမျဉ်း၊ စည်းကမ်းများအတိုင်း လိုက်နာ ဆောင်ရွက် ရမည်။

အမိန့်အရ

(ပိုလ်မှူးကြီး သူရိန်ဇော်)
အတွင်းရေးမှူး

မန်နေဂျင်းဒါရိုက်တာ
မြန်မာဧရာဝတီ ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် ။

မိတ္တူကို

ဖြန့်ဝေခြင်း-

၁။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံး။

၂။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံး။

၃။ အစိုးရ အဖွဲ့ရုံး။

၄။ အမှတ်(၁) စက်မှု ဝန်ကြီးဌာန။

၅။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန။

၆။ အလုပ်သမား ဝန်ကြီးဌာန။

၇။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။

၈။ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန။

၉။ ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန။

၁၀။ ဆောက်လုပ်ရေး ဝန်ကြီးဌာန။

၁၁။ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန။

၁၂။ အမှတ်(၂) လျှပ်စစ် စွမ်းအား ဝန်ကြီးဌာန။

၁၃။ ပြည်ထဲရေးဝန်ကြီးဌာန။

၁၄။ ဥက္ကဋ္ဌ၊CMP လုပ်ငန်းများ ကြီးကြပ်ရေး ကော်မတီ။(အမှတ်(၁)စက်မှုဝန်ကြီးဌာန)

၁၅။ ဥက္ကဋ္ဌ၊ နိုင်ငံခြားမတည် ငွေရင်းတန်ဖိုး သတ်မှတ်ရေး အဖွဲ့ငယ်။(ပို့ဆောင်ရေး ဝန်ကြီးဌာန)

၁၆။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်။

၁၇။ ညွှန်ကြားရေးမှူးချုပ်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန။

၁၈။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ အထည်အလိပ် လုပ်ငန်း။ (CMP လုပ်ငန်းများ စစ်ဆေး ရေး ဆပ်ကော်မတီ)

၁၉။ ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန။

၂၀။ ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန။

၂၁။ ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန။(CMP လုပ်ငန်းများ ပို့ကုန် သွင်းကုန် ကြီးကြပ်ရေး ဆပ်ကော်မတီ)

၂၂။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း။

၂၃။ ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာန။

၂၄။ ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များ ဦးစီးဌာန။(CMP လုပ်ငန်းများ လုပ်ခနှင့် အခွန် ကြီးကြပ်ရေး ဆပ်ကော်မတီ)

၂၅။ ညွှန်ကြားရေးမှူးချုပ်၊ မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေး ဦးစီးဌာန။

၂၆။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ အာမခံ လုပ်ငန်း။

၂၇။ ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန။

၂၈။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ လျှပ်စစ်ဓါတ်အား လုပ်ငန်း။

၂၉။ ဥက္ကဋ္ဌ၊ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်။

၃၀။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များ အသင်း၊ ရန်ကုန်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
အမိန့် ကြော်ငြာစာအမှတ်၊ ၅၉ /၂၀၀၃ (မနသ)
ရန်ကုန်မြို့၊ ၁၃၆၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်
(၂၀၀၃ ခုနှစ်၊ ဧပြီလ ၂၄ ရက်)

၁။ မြန်မာ ကုမ္ပဏီဖြစ်သော မြန်မာ ဧရာဝတီ ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက်(Myanmar Ayeyarwaddy Manufacturing Co., Ltd.) သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီထံမှ ဦးတင်ကြိုင်၊ ဒေါ်ညွန့်ကြည်တို့ အမည်ဖြင့် အသုံးပြုခွင့် ရရှိထားသော ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ်(၄၀၀၊ B)၊ မြေကွက်အမှတ်(၉) ရှိ မြေဧရိယာ (၀.၄၆)ဧက အနက်မှ (၀.၃၁)ဧက (၁၂၅၄.၅၃ စတုရန်းမီတာ)နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦကို ငှားရမ်း ဆောင်ရွက်လျက်ရှိသော CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာပါသည်။ ယင်းလုပ်ငန်းမှာ မူလကကော်မရှင် ခွင့်ပြုမိန့်ဖြင့် မဟုတ်ပဲ အထည်ချုပ်လုပ်ငန်း ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ CMP လက်ခစား လုပ်ငန်းများ စိစစ်ရေး ကော်မတီမှတဆင့် စိစစ်ပြီး တင်ပြလာပါ၍ (၆-၂-၂၀၀၃)နေ့တွင် ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏ (၄/၂၀၀၃) အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။ ကော်မရှင်မှ မူအားဖြင့် သဘောတူညီခဲ့ပြီး (၁၃-၃-၂၀၀၃) နေ့တွင် ကျင်းပပြုလုပ်သည့် ကုန်သွယ်မှု မူဝါဒ ကောင်စီ၏ (၉/၂၀၀၃) အစည်းအဝေးသို့ ဆက်လက်တင်ပြခဲ့ပါသည်။ အဆိုပါ အစည်းအဝေး သဘောတူညီချက်အရ အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြရန် ဆုံးဖြတ်ချက်နှင့်အညီ (၃-၄-၂၀၀၃) နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ (၁၂/၂၀၀၃) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ အစည်းအဝေးမှ သဘောတူကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း (၅)၊ ပုဒ်မ ၁၀ အရ အပ်နှင်း ထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မြန်မာ ဧရာဝတီ ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက်(Myanmar Ayeyarwaddy Manufacturing Co., Ltd.)အား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း လုပ်ငန်း ဆက်လက် ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုမိန့်အမှတ်၊ မနသ- ၆၁၁/၂၀၀၃ ကို ထုတ်ပေး လိုက်သည်။

၂။ မြန်မာ ဧရာဝတီ ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက်(Myanmar Ayeyarwaddy Manufacturing Co., Ltd.)အနေဖြင့် ဤခွင့်ပြုမိန့် အရ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၇)၊ ဥပဒေ ပုဒ်မ ၁၂ အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ တရားဝင်ခွင့်ပြုသည့် (၂၆-၄-၂၀၀၃) နေ့မှ အစပြု၍ တစ်ဆက်တည်း (၃)နှစ်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်နှင့် ဥပဒေ ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အောက်ဖော်ပြပါ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုနိုင်ရန် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန် လိုက်သည်။

(က) ဥပဒေပုဒ်မ ၁၃(ခ)အရလုပ်ငန်းက နိုင်ငံခြားသို့ တင်ပို့ရောင်းချခြင်းမှ နိုင်ငံခြားငွေဖြင့်ရရှိသည့် အမြတ်ငွေအပေါ်တွင် (၅၀) ရာခိုင်နှုန်းအထိ ကာလအကန့်အသတ်ဖြင့် ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့် (၃)နှစ် ခံစားပြီးနောက် လုပ်ငန်း၏ အမှန်တကယ် အကောင်အထည်ဖော်နိုင်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြ လျှောက်ထားရမည်။

(ခ) ဥပဒေပုဒ်မ ၁၃(ဂ)အရ ထုတ်လုပ်မှုလုပ်ငန်းကြောင့် သတ်မှတ်သည့်နှုန်းအထိ ပြည်တွင်းပြည်ပ ဝင်ငွေ တိုးတက်မှုရှိပါက သတ်မှတ်ချက်နှင့်အညီ ဝင်ငွေခွန်သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်ကာလကုန်ဆုံးပြီးသည့်အခါ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေ

ကိုဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဂ) ဥပဒေပုဒ်မ ၁၃(စ)အရ လုပ်ငန်းမှ ရရှိသည့် အမြတ်ငွေကို သီးသန့် ရန်ပုံငွေထား၍ တစ်နှစ် အတွင်း လုပ်ငန်း၌ ပြန်လည် ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ်တွင် ဝင်ငွေခွန်ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့်ခံစားနိုင်ရန်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်ကာလကုန်ဆုံးပြီး၍ အမှန်တကယ် ပြန်လည် ရင်းနှီးမြှုပ်နှံမှု ပြုသည့်အခါ လုပ်ငန်းအမှန်တကယ် အကောင်အထည်ဖော်နိုင်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြ လျှောက်ထားရမည်။

(ဃ) ဥပဒေပုဒ်မ ၁၃(ဆ)အရ လုပ်ငန်းသုံး မတည်ပစ္စည်းများ အပေါ်တန်ဖိုးလျော့ငွေကို သတ်မှတ် သည့် နှုန်းအတိုင်း နှစ်တိုတို နှင့် မူလတန်ဖိုး ပြည့်မီသည်အထိ အမြတ်ငွေမှ နုတ်ပယ်ခွင့်နှင့် စပ်လျဉ်း၍ ယင်း တန်ဖိုးလျော့ နှုန်းထားများကို ဤကော်မရှင်သို့ တင်ပြ လျှောက်ထားရမည်။

(င) ဥပဒေပုဒ်မ ၁၃(ဈ)အရ သတ်မှတ်ထားသည့် ကနဦး ရင်းနှီးမြှုပ်နှံမှု ကာလကုန်ဆုံး၍ ပထမ (၃)နှစ် အတွက်ကုန်ထုတ်လုပ်ရန်ပြည်ပမှတင်သွင်းသည့်လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင် အကောက်ခွန်နှင့် အခြားပြည်တွင်း အခွန်အကောက်များကို ကင်းလွတ်ခွင့်ပြုသည်။

(စ) ဥပဒေပုဒ်မ ၁၃(ည)အရ ထုတ်လုပ်မည့် ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့ရောင်းချမှုအပေါ် ကုန်သွယ် လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုသည်။

၃။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၃(ဈ) အရ ပြည်ပမှ တင်သွင်းသည့် လုပ်ငန်းသုံးပစ္စည်း များနှင့် ပတ်သက်၍ အောက်ပါ အတိုင်း လိုက်နာဆောင်ရွက်ရမည်။

(က) ပြည်ပမှတင်သွင်းမည့် ပစ္စည်းများအတွက် နိုင်ငံခြားငွေ ရရှိပုံနည်းလမ်း (Source of Payments for Import) ကို ဖော်ပြရန်။

(ခ) တင်သွင်းမည့် ပစ္စည်းအမျိုးအစား၊ အရည်အသွေး၊ စံချိန်စံညွှန်းများ၊ ဈေးနှုန်းများ သင့်မြတ်မှု စသည် တို့နှင့် စပ်လျဉ်း၍ နိုင်ငံတကာ အသိအမှတ်ပြုထားသည့် စစ်ဆေးရေးကိုယ်စားလှယ် (Inspection Agency) ၏ စစ်ဆေးမှုဖြင့် ဆောင်ရွက်ရန်။

(ဂ) စစ်ဆေးရေး ကိုယ်စားလှယ်၏ စစ်ဆေးပြီးကြောင်း အထောက်အထား(Inspection Certificate) ဖြင့် တင်သွင်းမည့် ပစ္စည်းအမျိုးအစား စာရင်း (Invoice and Packing List) များကို နိုင်ငံခြား မတည်ငွေရင်း တန်ဖိုး သတ်မှတ်ရေးအဖွဲ့ငယ်သို့ တင်ပြ၍ ထောက်ခံချက် ရယူရန်။

၄။ မြန်မာ ဧရာဝတီ ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက်(Myanmar Ayeyarwaddy Manufacturing Co., Ltd.) သည် ဤခွင့်ပြုမိန့်အရ လုပ်ငန်းဆောင်ရွက်ရာတွင် မူလအဆိုပြုလွှာ၌ ဖော်ပြထားသည့် ထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှု ရည်မှန်းချက်များကို အနိမ့်ဆုံး ရည်မှန်းချက်များအဖြစ်ထားရှိ ဆောင်ရွက်အကောင်အထည် ဖော်ရမည်။

၅။ မြန်မာ ဧရာဝတီ ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက်(Myanmar Ayeyarwaddy Manufacturing Co., Ltd.) သည် လုပ်ငန်းဆောင်ရွက်မှုအတွက် နိုင်ငံခြားငွေဖြင့်ရရှိသော အမှန်တကယ်ချုပ်ခရငွေများကို မြန်မာ့နိုင်ငံခြား ကုန်သွယ်မှု ဘဏ်/ မြန်မာ့ ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်ရှိ မိမိ၏ ငွေစာရင်းသို့ မပျက်မကွက် ပေးသွင်းစေ ရမည်။ အလုပ်သမားများအတွက် လုပ်အားခပေးရန် အမှန်တကယ်ချုပ်ခရငွေ (နိုင်ငံခြားငွေ)များကို သတ်မှတ်ခွင့်ပြု ထားသည့် MONEY CHANGER များတွင် FEC လဲလှယ်ပြီး မိမိတို့၏ အလုပ်သမားများအား လုပ်ခလစာများ ပေးရမည်။

၆။ မြန်မာ ဧရာဝတီ ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက်(Myanmar Ayeyarwaddy Manufacturing Co., Ltd.) သည် ဤအဆိုပြု လုပ်ငန်း၏ စာရင်းများကို သီးခြား ပြုစုထားရှိရမည်။

၇။ အဆိုပြုလုပ်ငန်းဆောင်ရွက်ရာတွင် မြေအသုံးပြုမှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရမှ မြေယာနှင့် ပတ်သက်၍ သတ်မှတ် ပြဋ္ဌာန်းမည့် စည်းကမ်းသတ်မှတ်ချက်များကို တိကျစွာ လိုက်နာ ဆောင်ရွက်ရမည်။

၈။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန်အတွက် ပြည်တွင်းအလုပ်သမားများ ခန့်ထားရာတွင် အလုပ်သမား ဝန်ကြီး ဌာန၊ အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။ မြန်မာ ဧရာဝတီ ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက်(Myanmar Ayeyarwaddy Manufacturing Co., Ltd.) မှ နိုင်ငံခြားသား ကျွမ်းကျင်သူများ ငှားရမ်းခွင့် ကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း(၉)၊ အပိုဒ် ၃၃ပါ သတ်မှတ်ချက်များနှင့်အညီ ဤကော်မရှင်သို့ သီးခြား တင်ပြလျှောက်ထားရမည်။

၉။ မြန်မာ ဧရာဝတီ ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက်(Myanmar Ayeyarwaddy Manufacturing Co., Ltd.) သည် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရာ၌ ပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းမှု မီးဘေးအန္တရာယ် စသည်များ၊ မဖြစ်ပေါ်လာစေရန် အတွက် လိုအပ်သည့် ပတ်ဝန်းကျင် ညစ်ညမ်းမှု ထိန်းသိမ်း ကာကွယ်ရေး အစီအမံများကို ဝန်ခံကတိပြုထားသည့် အတိုင်း စံနစ်တကျထားရှိ ဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ထားရှိမှု အခြေအနေကို ဤကော်မရှင်သို့ မပျက် မကွက် အစီရင်ခံရမည်။

၁၀။ မြန်မာ ဧရာဝတီ ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက်(Myanmar Ayeyarwaddy Manufacturing Co., Ltd.) သည် ပူးတွဲပါ ကနဦးလုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို ဤခွင့်ပြုမိန့်ရရှိပြီး ကော်မရှင်သို့ မပျက်မကွက် အစီရင်ခံ ရမည်။ ထို့အပြင် လုပ်ငန်း အကောင်အထည်ဖော်မှု အခြေအနေများကို သတ်မှတ်ထားသော ပုံစံဇယားများဖြင့် (၆)လ တစ်ကြိမ် (ဧပြီ/ အောက်တိုဘာ လ များ) မပျက်မကွက် ပုံမှန်ပေးပို့ အစီရင်ခံရမည်။

၁၁။ ဤကော်မရှင်မှ တရားဝင်ခွင့်ပြုသည့် (၂၆-၄-၂၀၁၃)နေ့ကို မြန်မာ ဧရာဝတီ ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် (Myanmar Ayeyarwaddy Manufacturing Co., Ltd.)၏ အဆိုပြု လုပ်ငန်းစီးပွားဖြစ် စတင်ဆောင်ရွက်သည့် နေ့အဖြစ် သတ်မှတ်သည်။

၁၂။ ဤခွင့်ပြုမိန့် ထုတ်ပေးသည့်နေ့မှစ၍ (တစ်)နှစ်အတွင်း အဆိုပြုလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခြင်း မပြု နိုင်ပါက ဤခွင့်ပြုမိန့်သည် အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၁၃။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ခွင့်ပြုမိန့်တွင် ဖော်ပြထားသည့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည့် နေရပ် ဒေသလိပ်စာနှင့် ရင်းနှီးမြှုပ်နှံသူ၏ အဖွဲ့အစည်း၏ နေရပ်လိပ်စာ (ကုမ္ပဏီ၏ ရုံးခန်းလိပ်စာနှင့် တယ်လီဖုန်းနံပါတ်) တို့ ပြောင်းလဲမှုရှိတိုင်း ဤကော်မရှင်သို့ မပျက်မကွက် တင်ပြ၍ အတည်ပြုခွင့်ပြုချက်ကို ရယူရမည်။

၁၄။ မြန်မာ ဧရာဝတီ ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက်(Myanmar Ayeyarwaddy Manufacturing Co., Ltd.) သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ချမှတ်ထားသော တည်ဆဲ စည်းမျဉ်း စည်းကမ်း သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိပါက ဤခွင့်ပြုမိန့်ကို ပြန်လည် ရုပ်သိမ်း သည်အထိ အရေးယူခြင်း ခံရမည်။

၁၅။ အဆိုပြုလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သဖြင့် မည်သည့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား အဖွဲ့အစည်းကမျှ ပိုင်ဆိုင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း မရှိစေရ။ အကယ်၍ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား အဖွဲ့အစည်းက ပိုင်ဆိုင်ကြောင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲကြောင်း သက်ဆိုင်ရာက စစ်ဆေးတွေ့ရှိလျှင် ပုဂ္ဂလိက စက်မှုလုပ်ငန်း မှတ်ပုံတင်ကို ပယ်ဖျက်ပြီး စက်ရုံ ပိတ်သိမ်းနိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်မည့်အပြင် လုပ်ငန်းအဆိုပြုသူသည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၅(င)အရ နောင်တွင် မည်သည့်ခွင့်ပြုမိန့်မျှ ထုတ်ပေးမည် မဟုတ်သော နာမည်ပျက်စာရင်း၌ ထည့်သွင်းခြင်းခံရမည်။

(ဦးသောင်း)
ဥက္ကဋ္ဌ

စာအမှတ်၊ ရက–၁/မ– ၈၉၀/၂၀၀၃ (၄ ၂ ၃)
ရက်စွဲ၊ ၂၀၀၃ ခုနှစ်၊ ဧပြီလ ၂၆ ရက်။

ဖြန့်ဝေခြင်း–
၁။ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌရုံး။
၂။ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ရုံး။
၃။ အစိုးရအဖွဲ့ရုံး။
၄။ ကာကွယ်ရေး ဝန်ကြီးဌာန၊ တပ်မတော် ထောက်လှမ်းရေး ဌာနချုပ်ရုံး၊ (ပြည်တွင်း ထောက်လှမ်းရေးဌာန)။
၅။ အမှတ်(၁)စက်မှုဝန်ကြီးဌာန။
၆။ အမျိုးသား စီမံကိန်း နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန။
၇။ အလုပ်သမား ဝန်ကြီးဌာန။
၈။ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။
၉။ ဆက်သွယ်ရေး၊ စာတိုက် နှင့် ကြေးနန်း ဝန်ကြီးဌာန။
၁၀။ ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာန။
၁၁။ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန။
၁၂။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန။
၁၃။ ဥက္ကဋ္ဌ၊ CMP လက်ခစားလုပ်ငန်းများ စိစစ်ရေးကော်မတီ။ (အမှတ်(၁) စက်မှုဝန်ကြီးဌာန)
၁၄။ ဥက္ကဋ္ဌ၊ နိုင်ငံခြားမတည်ငွေရင်းတန်ဖိုး သတ်မှတ်ရေး အဖွဲ့ငယ်။
၁၅။ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ။
၁၆။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်။
၁၇။ ညွှန်ကြားရေးမှူးချုပ်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန။
၁၈။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ အထည်အလိပ်လုပ်ငန်း။

MYANMAR AYEYARWADDY MANUFACTURING Co., LTD.

No. 149/150, U Ta Yuoat Gyi St,
Industrial Zone (4),
Hlaing Thayar Township,
Yangon, Myanmar.

Tel : 685131,685257
Fax : 685257
email : m_a_m@mptmail.net.mm

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
နေပြည်တော်။

M-1405
2016

ရက်စွဲ၊ ၁၈ - ၆ - ၂၀၀၈

အကြောင်းအရာ ။ ။ **တည်နေရာပြောင်းရွှေ့ခြင်းကိစ္စ။**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် ပါတ်သက်၍ ကျွန်မတို့ Myanmar Ayeyarwaddy Mfg Co., Ltd. သည် လူကြီးမင်းတို့၏ ဌာနမှ ခွင့်ပြုမိန့်အမှတ်၊ ၆၁၁/၂၀၀၃ ဖြင့် အထည်ချုပ်လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ Company သည် ယခင်တည်နေရာမှ ယခု ၁၄၉/၁၅၀၊ ဦးတရုပ်ကြီးလမ်း၊ လှိုင်သာယာစက်မှုဇုန် (၄)သို့ ပြောင်းရွှေ့လုပ်ကိုင်နိုင်ရန်အတွက် လူကြီးမင်းတို့၏ ဌာနသို့ တည်နေရာပြောင်းရွှေ့ခြင်း လျှောက်ထားခဲ့ပါသည်။

၂။ လူကြီးမင်းတို့၏ ဌာနမှ စာအမှတ်၊ ရက-၇ (ဂ)/မ-၁၆၅၆/၂၀၀၈ (၇၅၄၉) ရက်စွဲ ၂၀၀၈-ခုနှစ်၊ မေလ (၂)ရက်ပါစာဖြင့် တည်နေရာပြောင်းရွှေ့ခြင်းအား ခွင့်ပြုခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကျွန်မတို့ Myanmar Ayeyarwaddy Mfg Co., Ltd. ၏ တည်နေရာပြောင်းရွှေ့ခြင်းအား ခွင့်ပြုပါရန် ပူးတွဲပါ ငွေသွင်းချလံ၊ MIC Permit မူရင်းတို့နှင့်တကွ တင်ပြလျှောက်ထားအပ်ပါသည်။

လေးစားစွာဖြင့်

yuaye

YU YU AYE
DIRECTOR
Myanmar Ayeyarwaddy Mfg: Co., Ltd.

ပြည်ထောင်စုမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရုံးအမှတ်(၃၂)၊နေပြည်တော်

Fax -95-67-406 33

ဖုံး-၀၆၇-၄၀၆၃၃၄၊၄၀၆၀၇၅

စာအမှတ်၊ရက-၇(ဂ)/မ-၁၆၅၆ / ၂၀၀၈(၎၅၄၉)- ဒ
ရက်စွဲ၊ ၂၀၀၈ ခုနှစ်၊ မေ လ ၂ ရက်။

အကြောင်းအရာ။ ။ မြန်မာဧရာဝတီ ထုတ်လုပ်မှု ကုမ္ပဏီလီမိတက် မှ စက်ရုံ မြေနေရာ ပြောင်းရွှေ့ ခွင့် ပြုပါရန် တင်ပြခြင်း ကိစ္စ။

ရည်ညွှန်းချက် ။ ။ မြန်မာဧရာဝတီ ထုတ်လုပ်မှု ကုမ္ပဏီလီမိတက် ၏ (၂၄-၅-၂၀၀၄) ရက်စွဲပါ စာ။

၁။ အကြော ်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ မြန်မာဧရာဝတီ ထုတ်လုပ်မှုကုမ္ပဏီလီမိတက်မှ ရည်ညွှန်းပါစာဖြင့် ာင်ပြလာခြင်းကို (၉-၄-၂၀၀၈)နေ့တွင်ကျင်းပသည့် ကော်မရှင်၏ (၁၂/၂၀၀၈) ကြိမ်မြောက် အစည် အဝေးသို့ တင်ပြခဲ့ရာ အစည်းအဝေးမှ အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည်။

- မြန်မ ာဧရာဝတီ ထုတ်လုပ်မှုကုမ္ပဏီလီမိတက် ၏ စက်ရုံတည်နေရာအား မြေကွက်အမှ ် (၉)၊ မြေတိုင်းရပ်ကွက်အမှတ် (၄၀၀-B) မှ စဉ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ဂ န်တိုင်း(မှ)အမှတ်(၁၄၉/၁၅၀)၊ ဦးတရုတ်ကြီးလမ်း၊ စက်မှုဇုန်(၄)၊ လှိုင်သာယာမြို့န ်၊ ရန်ကုန်တိုင်းသို့ ပြောင်းရွှေ့ခွင့်ပြုရန်၊

၂။ သို့ဖြစ်ပ ၍ အဆိုပါ အစည်းအဝေးဆုံးဖြတ်ချက်ကို သိရှိနိုင်ပါရန်နှင့် ခွင့်ပြုမိန့်(မူရင်း)တွင် ပြင်ဆင်ပေး ်ချုပ်အတွက် ဤကော်မရှင်သို့ အမြန်ဆုံးပြန်လည်အပ်နှံပါရန် အသိပေး အကြောင်းကြားပါ ည်။

အမိန့်အရ -

(ပိုလ်မှူးကြီး သူရိန်ဇော်)
အတွင်းရေးမှူး

မန်နေဂျင်းဒါရိုက်တာ
မြန်မာဧရာဝတီ ထု ် ုပ်မှုကုမ္ပဏီလီမိတက်

မိတ္တူ - (၁) ဥက္ကဋ္ဌ နိုင်ငံခြားမတည်ငွေရင်းတန်ဖိုးသတ်မှတ်ရေး အဖွဲ့ ငယ်။
(၂) ဝန်ကြီး ရုံး၊ ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာန။

Myanmar Ayeyarwady

(၃) ဝန်ကြီးရုံး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။

(၄) ညွှန်ကြားရေးမှူးချုပ်၊
အကောက်ခွန် ဦးစီးဌာန။

(၅) ညွှန်ကြားရေးမှူးချုပ်၊
ပြည်တွင်းအခွန်များ ဦးစီးဌာန။

(၆) ညွှန်ကြားရေးမှူးချုပ်၊
ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန။

(၇) ညွှန်ကြားရေးမှူးချုပ်၊
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန။

(၈) ရုံးလက်ခံ/ မျှောစာတွဲ။

လျှို့ဝှက်

ကော်မရှင်၏(၁၂/၂၀၀၈)အစည်းအဝေး

အကြောင်းအရာ ။ ။ မြန်မာရောဝတီ ထုတ်လုပ်မှု ကုမ္ပဏီလီမိတက် မှ စက်ရုံ မြေနေရာ ပြောင်းရွှေ့ခွင့် ပြုပါရန် တင်ပြခြင်းကိစ္စ။

၁။ မြန်မာရောဝတီထုတ်လုပ်မှု ကုမ္ပဏီလီမိတက်(CMP လုပ်ငန်းအဟောင်း) ကို မြေကွက်အမှတ်(၉)၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀၀-B)၊ စဥ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း တွင် CMP စနစ်ဖြင့် အထည်ချုပ် လုပ်ငန်း လုပ်ကိုင် ဆောင်ရွက်ရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် မှ ခွင့်ပြုမိန့်အမှတ်၊ မနသ- ၆၁၁/၀၃ (၂၆-၄-၂၀၀၃)ဖြင့် ခွင့်ပြုခဲ့ ပါသည်။

၂။ ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုပမာဏ စုစုပေါင်းမှာ ကျပ်(၁၉.၆၄)သန်း ဖြစ်ပါသည်။ (၂၀၀၆-၂၀၀၇) ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအရ စုစုပေါင်း ကျပ်(၂၆.၀၄) သန်း ရင်းနှီးပြီး ဖြစ်ပါသည်။

၃။ CMP အထည်ချုပ် လုပ်ငန်း အဟောင်း ဖြစ်ပါသဖြင့် ကုမ္ပဏီ၏ စီးပွားဖြစ် စတင် ဆောင်ရွက်သည့် နေ့မှာ ကော်မရှင်မှ ခွင့်ပြုမိန့် ထုတ်ပေးသည့် (၂၆-၄-၂၀၀၃)နေ့ ဖြစ်ပါသည်။

၄။ ကုမ္ပဏီ၏ ၂၀၀၃ခု ဒီဇင်ဘာလမှ ၂၀၀၈ခု ဇန်နဝါရီလအထိ CMP ချုပ်ခဘဏ် သို့ ဝင်ငွေစုစုပေါင်း US $ (၂၇၆၈၃၃) နှင့် ၁၀% အခွန်ဖြတ်တောက်မှု ပမာဏ US $ (၂၇၆၈၃) ရှိပါသည်။

၅။ ကုမ္ပဏီမှ ၎င်းတို့အား ကော်မရှင်မှ မူလခွင့်ပြုထားသည့် မြေကွက်အမှတ်(၉)၊ မြေတိုင်းရပ်ကွက် အမှတ်(၄၀၀-B)၊ စဥ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း (မှ) အမှတ် (၁၄၉/၁၅၀)၊ ဦးတရုတ်ကြီးလမ်း၊ စက်မှုဇုန် (၄)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်း(သို့) ပြောင်းရွှေ့ ခွင့်ပြုပါရန် မူလမြေငှားစာချုပ်၊ နောက် ပြောင်းရွှေ့မည့် မြေငှားစာချုပ်များ ပူးတွဲ၍ လျှောက်ထား လာပါသည်။

၆။ ကုမ္ပဏီ၏ စက်ရုံမြေနေရာ ပြောင်းရွှေ့ခွင့် လျှောက်ထားခြင်းနှင့် စပ်လျဥ်း၍ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ အဆိုပါ ပြောင်းရွှေ့မည့် နေရာတွင် ကော်မရှင်မှ မြို့ပြ စက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်သို့ CMPအထည်ချုပ်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန် ခွင့်ပြုမိန့် ထုတ်ပေးသည့် မြေနေရာဖြစ်ကြောင်း ပြန်ကြားထားပါသည်။

၇။ CMP ကြီးကြပ်ရေးကော်မတီ ၏ စစ်ဆေးအကြောင်းကြားချက် အရ ကော်မရှင်မှ မူလခွင့်ပြုထားသော နေရာတွင် လုပ်ငန်းလုံးဝ မရှိသည့် စက်ရုံ(၆၆)ရုံအား ကော်မရှင်၏ အမိန့် ကြော်ငြာစာ အမှတ် ၇/၂၀၀၈(မနသ)ဖြင့် ခွင့်ပြုမိန့်များ ရုပ်သိမ်းပြီး ဖြစ်ပါသည်။ ၎င်း စက်ရုံ (၆၆)ရုံတွင် မြို့ပြ စက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက် ၏ စက်ရုံပါဝင်ပါသည်။ထို့ကြောင့် မြို့ပြ စက်မှု လုပ်ငန်း ကုမ္ပဏီလီမိတက် ၏ စက်ရုံ မြေနေရာ တွင် မြန်မာရောဝတီ ထုတ်လုပ်မှု ကုမ္ပဏီလီမိတက် အား လုပ်ငန်းဆောင်ရွက်ခွင့် ပြုနိုင်ပါကြောင်း စိစစ်တင်ပြအပ်ပါသည်။

၈။ သို့ဖြစ်ပါ၍ မြန်မာရောဝတီ ထုတ်လုပ်မှု ကုမ္ပဏီလီမိတက် မှ ၎င်းတို့အား ကော်မရှင် မှ မူလ ခွင့်ပြုထားသည့် မြေကွက် အမှတ်(၉)၊ မြေတိုင်းရပ်ကွက် အမှတ်(၄၀၀-B)၊ စဥ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း(မှ)အမှတ် (၁၄၉/၁၅၀)၊ ဦးတရုတ်ကြီးလမ်း၊ စက်မှုဇုန် (၄)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်း(သို့) ပြောင်းရွှေ့ခွင့်ပြုပါရန် လျှောက်ထား လာခြင်းအပေါ် လမ်းညွှန်မှု ခံယူအပ်ပါသည်။

လျှို့ဝှက်

MYANMAR AYEYARWADDY MANUFACTURING Co., LTD.

No. 149/150, U Ta Yuoat Gyi St,
Industrial Zone (4),
Hlaing Thayar Township,
Yangon, Myanmar.

Tel : 685131,685257
Fax : 685257
email : m_a_m@mptmail.net.mm

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီ
ရန်ကုန်မြို့။

နေ့စွဲ။ ။၂၀၀၄ ခုနှစ်၊ မေလ ၂၄ ရက်။

အကြောင်းအရာ။ ။စက်ရုံ၏ တည်နေရာ ပြောင်းလွဲလုပ်ကိုင်သောကြောင့် MIC Premit တွင် Address ပြောင်းလဲပြင်ဆင်ခွင့်ပြုပါရန်လျှောက်ထားခြင်း။

အထက်ပါကိစ္စနှင့်ပါတ်သက်၍ ကျွန်မတို့၏ မြန်မာရေဝတီကုမ္ပဏီသည် အထည်ချုပ်လုပ်ငန်းများကိုလုပ်ကိုင်ဆောင်ရွက်လျှက်ရှိပါသည်။ ယခုအခါစက်ရုံ၏လိုအပ်ချက်အရ ယခင်တည်နေရာမြေကွက်အမှတ် (၉) ၊ မြေတိုင်းရက်ကွက်အမှတ် (၄၀၀/B)၊ စဉ့်ကူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း မှ အမှတ် ၁၄၉/၁၅၀၊ ဦးတရုတ်ကြီးလမ်း၊ စက်မှုဇုံ (၄) ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့သို့ ပြောင်းလဲလုပ်ကိုင်ဆောင်ရွက်လျှက်ရှိပါသောကြောင့် ကျွန်မတို့၏ MIC Permit တွင်ယခုလိပ်စာအစား အမှတ် ၁၄၉/၁၅၀၊ ဦးတရုတ်ကြီးလမ်း၊ စက်မှုဇုံ (၄) ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ပြောင်းလဲပြင်ဆင်ခွင့်ပြုပါရန် လေးစားစွာလျှောက်ထားအပ်ပါသည်။

လေးစားစွာဖြင့်

ပူးတွဲပါစာရွက်စာတမ်းများ
၁။ MIC Permit မူရင်း (၁)စောင်
၂။ MIC Permit မိတ္တူ (၁)စောင်
၃။မြေရိုဒေါင်ငှားရမ်းခြင်းစာချုပ်မိတ္တူ

MYANMAR AYEYARWADDY MANUFACTURING Co., LTD.
No. 149/150, U Ta Yuoat Gyi St,
Industrial Zone (4),
Hlaing Thayar Township,
Yangon, Myanmar.
Tel : 685131,685257
Fax : 685257
email : m_a_m@mptmail.net.mm

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
နေပြည်တော်။

ရက်စွဲ၊ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ (၂၀)ရက်

အကြောင်းအရာ။ ။ တည်နေရာ ပြောင်းရွှေ့ခြင်းကိစ္စ။

၁။ အထက်အကြောင်းအရာပါ ကိစ္စနှင့် ပတ်သက်၍ ကျွန်မတို့ မြန်မာဧရာဝတီ ထုတ်လုပ်မှု ကုမ္ပဏီသည် လူကြီးမင်းတို့၏ ဌာနမှ ခွင့်ပြုချက်အမှတ် ဖ၁၁/ ၂၀၀၃ ဖြင့် အထည်ချုပ်လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ သို့ရာတွင် ၂၀၀၄ ခုနှစ် လယ်ပိုင်းလောက်မှ စ၍ ယခင်မြို့ပြ တည်နေရာမှ ၁၄၉/၁၅၀ ဦးတရုပ်ကြီးလမ်း၊ လှိုင်သာယာ စက်မှုဇုန် (၄) သို့ ယခု တိုင် ပြောင်းလဲ လုပ်ကိုင်ဆောင်ရွက် လျက်ရှိ ပါ သည်။

၂။ ထိုသို့ လုပ်ကိုင်ဆောင်ရွက်ရာတွင် မြို့ပြတည်နေရာမှာ Metropolitan Co, Ltd. ၏ တည်နေရာ ဖြစ်နေပါသဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ မြို့ပြ တည်နေရာ ကိစ္စရှင်း လင်းတင်ပြရန် အကြောင်းကြားစာ ပေးပို့ခဲ့ပါသည်။

၃။ အဆိုပါ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် မှ မြို့ပြ တည်နေရာ ကိစ္စရှင်း လင်းရန် ကြောင်းကြားစာ အား ကျွန်မတို့၏ ကုမ္ပဏီမှ အကြောင်းပြန်ကြားရန် ပျက်ကွက် ခဲ့ပါသည်။ သို့ဖြစ်ပါ၍ ထိုသို့ အကြောင်းပြန်ကြားရန် ပျက်ကွက် ခဲ့ပါသဖြင့် ဒဏ်ကြေးငွေ တစ်သိန်း တိတိ (၁၀၀၀၀၀/-) အား ပေးဆောင်ခွင့်ပြုပါရန် လေးစားစွာဖြင့် တင်ပြ အပ်ပါသည်။

လေးစားစွာဖြင့်

[signature]

T.F. No.1 NOTE. - To be prepared by the payer in duplicate. Art. 5, C.A.C.]

မှတ်ချက်။ ငွေပေးသွင်းသူက မိတ္တူနှစ်စောင်ရေးသွင်းရမည်။

ချလန်နံပါတ်	Chalan No. ၁၀၄ Credit.
ငွေတိုက်အရာရှိ	To THE TREASURY OFFICER
အတွက်	
ကပေးရန်ရှိသည်	PLEASE receive the sum of Kyat (*in words*)
ငွေပေါင်း(စာဖြင့်)	K (*in figures*)
ငွေ (ဂဏန်းဖြင့်)	being the amount payable by
ကိုလက်ခံပါမည့်အကြောင်း။	on account of *
အကောင့်အရပေးပါကြောင်း။	Authority under which payment is made is
မြို့	STATION :
နေ့စွဲ ငွေပေးသွင်းသူ၏ လက်မှတ်။	Dated, 20 Signatures of the payer.

Examined and entered.

Treasurer. Head Accountant

Received the sum of kyat (*inwords*)

K (*in figures*) on the above account

STATION :

Dated, Treasurer. Head Account. Treasury officer.

* Full details should be given. If on account of previous payment, the month, date of payment, number of voucher, etc. should also be stated.

* အကြောင်းအရာများကို ပြည့်စုံစွာရေးသည့်ရမည်။ အကယ်၍ ယခင်ပေးသွင်းသည့်ငွေအတွက်ဖြစ်လျှင် ထိုသို့ ပေးသွင်းသည့် ဘောက်ချာနံပါတ်၊ လနှင့် နေ့ရက် စသည်တို့ကို ရေးသည့်ရမည်။

11/27/2007 Pyinmana
Rec No. :72471 12:54:11
A/c No :MD001474 YALL
Ch. No :(1)
Open Amt K:721293259.58
[SF]-CRCH K:100000.00
Close Bal K:721393259.58

T.F. No.1 NOTE. - To be prepared by the payer in duplicate. Art. 5, C.A.C.]

မှတ်ချက်။ ငွေပေးသွင်းသူက မိတ္တူနှစ်စောင်ရေးသွင်းရမည်။

ချလန်နံပါတ်	Chalan No. ၁၀၄ Credit.
ငွေတိုက်အရာရှိ	To THE TREASURY OFFICER
အတွက်	
ကပေးရန်ရှိသည်	PLEASE receive the sum of Kyat (*in words*)
ငွေပေါင်း(စာဖြင့်)	K (*in figures*)
ငွေ (ဂဏန်းဖြင့်)	being the amount payable by
ကိုလက်ခံပါမည့်အကြောင်း။	on account of *
အကောင့်အရပေးပါကြောင်း။	Authority under which payment is made is
မြို့	STATION :
နေ့စွဲ ငွေပေးသွင်းသူ၏ လက်မှတ်။	Dated, 20 Signatures of the payer.

Examined and entered.

Treasurer. Head Accountant

Received the sum of kyat (*inwords*)

K (*in figures*) on the above account

STATION :

Dated, Treasurer. Head Account. Treasury officer.

* Full details should be given. If on account of previous payment, the month, date of payment, number of voucher, etc. should also be stated.

* အကြောင်းအရာများကို ပြည့်စုံစွာရေးသည့်ရမည်။ အကယ်၍ ယခင်ပေးသွင်းသည့်ငွေအတွက်ဖြစ်လျှင် ထိုသို့ ပေးသွင်းသည့် ဘောက်ချာနံပါတ်၊ လနှင့် နေ့ရက် စသည်တို့ကို ရေးသည့်ရမည်။

11/27/2007 Pyinmana
Rec No. :72471 12:54:11
A/c No :MD001474 YALL
Ch. No :(1)
Open Amt K:721293259.58
[SF]-CRCH K:100000.00
Close Bal K:721393259.58

ပြည်ထောင်စုမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရုံးအမှတ်(၃၂)၊ နေပြည်တော်

Fax -95-67-406333

ဖုံး-၀၆၇-၄၀၆၃၃၄၊၄၀၆၀၇၅

စာအမှတ်၊ ရကာ-၁ /မ-CMP / ၂၀၀၇ (၁၈၂၇၅-3)
ရက်စွဲ၊ ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်၊

အကြောင်းအရာ။ ။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ခွင့်ပြုမိန့်ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသော CMP အထည်ချုပ် လုပ်ငန်းများ (၃ -ခု) ကိစ္စ။

၁။ CMP အထည်ချုပ် လုပ်ငန်းများ သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ နှင့်ညီ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ရယူကာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင် ခွင့်ပြုမိန့် နှင့်အတူ ထုတ်ပေးသည့် အမိန့်ကြော်ငြာစာတွင် ကုမ္ပဏီ၏ စက်ရုံတည်နေရာ/ ရုံးခန်းလိပ်စာတို့ ပြောင်းလဲမှု ရှိတိုင်း ဤကော်မရှင်သို့ တင်ပြရမည်ဟု ဖော်ပြပါရှိသော်လည်း အောက်ပါ ကုမ္ပဏီ(၃)ခု သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ မူလခွင့်ပြုမိန့်ပါ တည်နေရာတွင် လုံးဝမရှိဘဲ လုပ်ငန်းပြောင်းရွှေ့လုပ်ကိုင်နေကြောင်း နှင့်နေရာ ပြောင်းရွှေ့ခွင့် ကိုလည်း ဤကော်မရှင် သို့ တင်ပြခဲ့ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

(က) Mya Kyun Nyo Nyo Garment Mfg Co., Ltd.

(ခ) Blessing Intertrade Co., Ltd.

(ဂ) Myanmar Ayeyarwaddy Mfg Co., Ltd.

၃။ အဆိုပါ ကုမ္ပဏီ(၃)ခုနှင့်စပ်လျဉ်း၍(၁၆-၁၁-၂၀၀၇)နေ့တွင် ကျင်းပသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏ (၄၃/၂၀၀၇) အစည်းအဝေး တွင် တင်ပြ ဆွေးနွေးခဲ့ပါသည်။ ယင်းအစည်းအဝေးမှ "ကော်မရှင်မှ မူလခွင့်ပြုထားသည့်နေရာတွင် လုပ်ငန်းဆောင်ရွက်နေခြင်း မရှိဘဲ ကော်မရှင် ခွင့်ပြုချက်မရသေးသည့် နေရာတွင် ပြောင်းရွှေ့လုပ်ကိုင် ဆောင်ရွက်နေသည့် ကုမ္ပဏီ(၇)ခု အနက်အောက်ဖော်ပြပါ ကုမ္ပဏီ(၃) ခုအား စည်းကမ်း ဖောက်ဖျက်သည့်အတွက် အပြစ်ရှိကြောင်း ဝန်ခံကတိပြုစေလျက် ဒဏ်ငွေ ကျပ် တစ်သိန်း တိတိ ပေးဆောင်စေရန် " ဆုံးဖြတ်ခဲ့ပါသည်။

(က) Mya Kyun Nyo Nyo Garment Mfg Co., Ltd.

(ခ) Blessing Intertrade Co., Ltd.

(ဂ) Myanmar Ayeyarwaddy Mfg Co., Ltd.

၄။ သို့ပါ၍ အထက်ပါ ကော်မရှင် အစည်းအဝေး ဆုံးဖြတ်ချက်ကို သိရှိဆောင်ရွက်နိုင်ပါရန် နှင့် လိုအပ်သကဲ့သို့ ဆက်လက်ဆောင်ရွက်နိုင်ပါရန် အကြောင်းကြား ပါသည်။

အမိန့်အရ-

(ဗိုလ်မှူးကြီးသူရိန်ဇော်)
အတွင်းရေးမှူး

၁။ Mya Kyun Nyo Nyo Garment Mfg Co., Ltd.

၂။ Blessing Intertrade Co., Ltd.

၃။ Myanmar Ayeyarwaddy Mfg Co., Ltd.

မိတ္တူ-

(၁) ပို့ဆောင်ရေးဝန်ကြီးဌာန
(နိုင်ငံခြားမတည်ငွေရင်းတန်ဖိုး သတ်မှတ်ရေးအဖွဲ့ FCEC)၊

(၂) အတွင်းရေးမှူး
CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီ(အမှတ်(၁) စက်မှုဝန်ကြီးဌာန။)

(၃) ဥက္ကဋ္ဌ၊CMP လုပ်ငန်းများ စစ်ဆေးရေး ဆပ်ကော်မတီ၊

(၄) ညွှန်ကြားရေးမှူးချုပ်
ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန၊

(၅) ညွှန်ကြားရေးမှူးချုပ်၊
ပြည်တွင်းအခွန်များဦးစီးဌာန၊

(၆) ဥက္ကဋ္ဌ၊
မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း။
(အထက်ပါ ကုမ္ပဏီ(၃)ခုတို့သည် ကော်မရှင်၏ စည်းကမ်း သတ်မှတ်ချက်များကို လိုက်နာ ဆောင်ရွက်လာစေရေး အတွက် စည်းရုံးပံ့ပိုး ညှိနှိုင်းပေးပါရန် ညှိနှိုင်း မေတ္တာ ရပ်ခံအပ်ပါသည်။)

(၇) ရုံးလက်ခံ/မျှောစာတွဲ။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

၆၅၃/၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

☎ တယ်လီဖုန်း – ၃၇၂၇၅၀

စာအမှတ်၊ ရက – ၇(၈)/မ – ၁၆၇၆/၂၀၀၄(၅၁၈၀)
ရက်စွဲ၊ ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်။

အကြောင်းအရာ။ ။ <u>မြန်မာဧရာဝတီထုတ်လုပ်မှုကုမ္ပဏီလီမိတက် (လုပ်ငန်းအဟောင်း) မှရရှိမြေနေရာပြောင်းရွှေ့ခွင့်ပြုပါရန်တင်ပြခြင်းကိစ္စ။</u>

ရည်ညွှန်းချက်။ ။ မြန်မာဧရာဝတီထုတ်လုပ်မှုကုမ္ပဏီလီမိတက်၏ (၂၄-၇-၂၀၀၄) ရက်စွဲပါစာ။

၁။ အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ မြန်မာဧရာဝတီထုတ်လုပ်မှုကုမ္ပဏီလီမိတက် (လုပ်ငန်းဟောင်း) မှ ရည်ညွှန်းပါစာဖြင့် ကော်မရှင်က ခွင့်ပြုထားသည့် မြေကွက်အမှတ် (၉)၊ မြေကိုင်းဝပ်ကွက်အမှတ် (၄၀၀/၉)၊ ဝဦးကုရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းမှ အမှတ် ၁၄၇/၁၈၁၊ ဦးကရက်ကြီးလမ်း၊ စက်မှုဇုန် (၄)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းသို့ ပြောင်းရွှေ့လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကို လက်ခံရရှိပါသည်။

၂။ ယင်းသို့ပြောင်းရွှေ့လုပ်ကိုင်ခွင့်ပြုပါရန် တင်ပြထားသည့်အမှတ် ၁၄၇/၁၈၁၊ ဦးကရက်ကြီးလမ်း၊ စက်မှုဇုန် (၄)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းသည် မြို့ပြစက်မှုကုမ္ပဏီလီမိတက် (Metropolitan Industry Co.,Ltd.) အား ဤကော်မရှင်မှ CMP အသည်ချုပ်လုပ်ငန်း ဆောင်ရွက်ခွင့်ပြုထားသည့် မြေနေရာဖြစ်ကြောင်း တွေ့ရှိရပါသဖြင့် ကုမ္ပဏီ၏ မြေနေရာနှင့်စပ်လျဉ်း၍ ရှင်းလင်းချက်တင်ပြပါရန် အကြောင်းကြားပါသည်။

အမိန့်အရ –

(မြသူဇာ)
ညွှန်ကြားရေးမှူး

<u>မန်နေဂျင်းဒါရိုက်တာ</u>
<u>မြန်မာဧရာဝတီထုတ်လုပ်မှုကုမ္ပဏီလီမိတက်။</u>

မိတ္တူ – ရုံးလက်ခံ
– မျှောစာတွဲ

ဂင်/



ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
အမှတ်၊ ၂၂၈-၂၃၄ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့။

စာအမှတ် ၊ စီမံ/နဆစ/လသယ-၁၆၈/၂၀၀၄ (၅၂၉)
ရက်စွဲ ၊ ၂၀၀၄ ခုနှစ် ၊ စက်တင်ဘာလ (၁၇)ရက်

အကြောင်းအရာ ။ <u>သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ။</u>

ရည်ညွှန်းချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၃၀. ၇. ၂၀၀၄ ရက်စွဲပါစာအမှတ် - ၇က-၇(ဂ)/မ-၁၆၅၆/၂၀၀၄(၃၃၈၂-က)

၁။ မြန်မာရေဝတီထုတ်လုပ်မှုကုမ္ပဏီလီမိတက်(လုပ်ငန်းဟောင်း) မှ ၎င်းတို့အား အထည်ချုပ်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန် ကော်မရှင်မှ မူလခွင့်ပြုထားသည့် မြေကွက်အမှတ် ၉ ၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၀(ဘီ)၊ စဉ့်ကူရပ်ကွက် ၊ အင်းစိန်မြို့နယ် မှ အမှတ် ၁၄၉/၁၅၀ ၊ ဦးတရုတ်ကြီးလမ်း ၊ စက်မှုဇုန်(၄) ၊ လှိုင်သာယာမြို့နယ်သို့ပြောင်းရွှေ့လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် မှ ရည်ညွှန်းပါစာဖြင့် သဘောထားမှတ်ချက် တောင်းခံလာပါသည်။

၂။ ပြောင်းရွှေ့လုပ်ကိုင်ခွင့်တင်ပြသည့် မြေကွက်များအား စီစစ်ရာ - မြေကွက်အမှတ် - ၁၄၉ နှင့် ၁၅၀ အားပေါင်း၍ အုတ်စည်းရိုးခတ်ထားပြီး ၊ မြေကွက်အမှတ် ၁၅၀ - (၄၂၃'/၄၂၀' × ၁၂၆'. ၆"/၁၂၈'. ၆")ပေါ်တွင် (၃၃၅'×၁၀၀') စက်ရုံအဆောက်အအုံ(၁)ခု တည်ရှိပါသည်။ အဆိုပါစက်ရုံတွင် မြန်မာရေဝတီထုတ်လုပ်မှုကုမ္ပဏီလီမိတက်မှ စက်လုံးရေ ၂၀၀ ကျော် ၊ အလုပ်သမား ၃၅၀ခန့် ဖြင့် အထည်ချုပ် လုပ်ငန်းဆောင်ရွက်လျက်ရှိပါသည်။ (အဆိုပြုမြေကွက်နှင့်ပတ်ဝန်းကျင်အခြေအနေပြမြေပုံကြမ်းပူးတွဲတင်ပြအပ်ပါသည်။)

၃။ ယင်းမြေကွက်အမှတ်-၁၅၀ သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မ၏ ခွင့်ပြုမိန့်အမှတ် - မနသ-၄၂၈/၂၀၀၀(၂၈. ၉. ၂၀၀၀)အရ " Metropolitan Industry Co., Ltd." သို့ CMP အထည်ချုပ် လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုထားသည့် မြေနေရာဖြစ်ကြောင်းလည်း စီစစ်တွေ့ရှိရပါသည်။

၄ သို့ပါ၍အဆိုပြုလုပ်ငန်း၏ မြေပေါ်အခြေအနေအား သိသာပါရန်နှင့်ပတ်ဝန်းကျင်အနေအထားအရ အဆိုပြုမြေနေရာတွင် အထည်ချုပ်လုပ်ငန်းဆောင်ရွက်ရန် သင့်လျော်သည်ဟုယူဆပါကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ဆက်လက်တင်ပြပေးပါရန် တင်ပြအပ်ပါသည်။

17/9/2004

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
(ထွန်းလင်း - ဒုတိယညွှန်ကြားရေးမှူး)
နိုင်ငံခြားဆက်ဆံရေးဌာနစိတ်

<u>ဝန်ကြီးရုံး</u>
<u>ဆောက်လုပ်ရေးဝန်ကြီးဌာန</u>

မိတ္တူကို (၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး
(၂) စီမံကိန်းမန်နေဂျာ ၊ လှိုင်သာယာစက်မှုဇုန်
(၃) ရုံးလက်ခံ
(၄) မျှောစာ

လှိုင်သာယာစက်မှုမြို့

အပိုင်း (၂)

မြေကွက်အမှတ် (၁၄၉/၁၅၀)

စကေး ၁" = ၁၀၀'

"မြေပေါ်အခြေအနေပြမြေပုံ"

၁၁၅

၁၅၁

၅၂၃'

၁၁၆

၁၁၆'-၆"

၁၅၀

၁၀၀'

၅၂၃'

၁၁၆'-၆"

[illegible]

၅၂၀'

၁၁၇

၁၁၆'

၁၄၉

၁၁၆'

၅၂၁'

၁၁၈

၁၄၈

မြေအသားအသာ

- မြောက်ဘက်သို့သွားသော် ... မြေကွက်အမှတ်. ၁၅၁ (ပဲဆီချက်)
- အရှေ့သို့သွားသော် ... ဦးတရုတ်ကြီးလမ်း
- တောင်သို့သွားသော် ... မြေကွက်အမှတ် -၁၄၈ (ဆေး၊ ပဲဆီချက်)
- အနောက်သို့သွားသော် ... မြေကွက်အမှတ် -၁၁၆ (ဆောက်မြီ၊ မလည်)
  ၁၁၇ (ကွက်လပ်)

——— ... အုတ်စည်းရိုး

▭ ... စက်ရုံအဆောက်အဦး

ရန်ကုန်မြို့တော်

အိုးအိမ်-ပုံစံ

အကဲစ်-၂၂

လှိုင်သာယာ .... မြို့နယ်၊လူနေရပ်ကွက်အမှတ် .. ၈၈ဲ ၁၆ ... မြေတိုင်းရပ်ကွက်အမှတ် .. ၁ ဘီ၆: ၄၄၁ ... မှမြေကွက်အမှတ် ... ၁၅၀ .. မြေ -

၁-လက်မလျှင် ၁၀၀ ပေစကေး



ရည်ညွှန်းချက်

.... ဧရိယာ စတုရန်းပေ ... ၅၃၃၄၁·၂၅ ...

ဧက ... ၁·၂၃၄ ......

မြေတိုင်း(၄) မြေတိုင်း(၃) မြေတိုင်း(၂)

ဦးစီးအရာရှိ
မြေတိုင်းဌာနခွဲ
မြို့ပြစီမံကိန်းနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန



မြေဂိုဒေါင်ငှားရမ်းခြင်းသဘောတူဂတိစာချုပ်

နေ့စွဲ။ ။ ၃၀. ၁၂. ၂၀၀၃.

ဂိုဒေါင်ပိုင်ရှင်။	အမည်	[illegible]ထွေး
	မှတ်ပုံတင်အမှတ်	၁[illegible]/လသန (နိုင်) ၀၁၆၂၀၆
	နေရပ်လိပ်စာ	အမှတ်(၅၁)၊ လှိုင်မြင့်မိုလ် လမ်းသွယ်(၃)၊ ကန်လမ်း၊ လှိုင်မြို့နယ်၊ရန်ကုန်တိုင်း။
ဂိုဒေါင်ငှားရမ်းသူ။	အမည်	ဒေါ်သီသီဝင်း
	မှတ်ပုံတင်အမှတ်	၁၂/သဃက (နိုင်) ၀၆၈၇၀၅
	နေရပ်လိပ်စာ	အမှတ်(၅)၊မိုးမခလမ်း(၃)၊ (၄၆)ရပ်ကွက်၊ဒဂုံမြို့သစ်မြောက်ပိုင်း မြို့နယ်။ရန်ကုန်တိုင်း။

အထက်ပါ ဂိုဒေါင်ပိုင်ရှင် နှင့် ဂိုဒေါင်ငှားရမ်းသူ ဟု ဆိုရာတွင် ၎င်းတို့၏တရားဝင် ကိုယ်စား လှယ်များ၊ အမွေဆက်ခံသူအားလုံးပါဝင်သည် ဟုမှတ်ယူရမည်။

၁။ ငှားရမ်းသည့်ဂိုဒေါင်

ရန်ကုန်တိုင်း၊လှိုင်သာယာမြို့နယ်၊စက်မှုဇုန်အမှတ်([illegible])၊မြေကွက်အမှတ် (၁၄၉/၁၅၀)၊ ဦးတရုတ်ကြီးလမ်းတွင်တည်ရှိသောမြေအကျယ် (2.5)ဧကပေါ်ရှိ မြေအကျယ်(24x100)အတွင်း တည်ရှိသော Office အကျယ် (10x100) /(40x 100)၂ထပ်၂ခုအပါအဝင်ဖြစ်ပါသည်။ နံပါတ်(685257) Fax Phone (၁) လုံး နှင့် နံပါတ် (685131) Phone (၁) လုံးဝင်ပါသည်။

၂။ ငှားရမ်းခ

တစ်လလျှင် Fec 500 (Fec 500) တိတိဖြင့်ပေးချေရန်သဘောတူပါသည်။

၃။ ငွေပေးချေပုံစနစ်

တစ်နှစ်ငှားရမ်းခပေးပါရန်ဖြစ်ပါသည်။ တစ်နှစ်ငှားရမ်းခြင်း သက်တမ်းကို (၁. ၁. ၂၀၀၄)မှ (၃၁. ၁၂. ၂၀၀၄)ထိသတ်မှတ်ပါသည်။

၄။ ငှားရမ်းစဉ်ကျသင့်သောလျှပ်စစ်မီတာခ၊တယ်လီဖုန်းခနှင့်လုပ်ငန်းအခွန်များ၊ စက်မှုဇုန်အတွက် အခါအားလျော်စွာ ကျသင့်သောအလှူတော်ငွေများကို ငှားရမ်းသူကကျခံရမည်။ ထို့အပြင်ငှားရမ်းသည့်မြေ ဂိုထောင်အား တဆင့်ရောင်းချခြင်း၊ လွှဲပြောင်းခြင်းမပြုလုပ်ရ။ ဥပဒေနှင့်ဆန့်ကျင်[illegible]ဘက် ကိစ္စရပ်များ ငှားရမ်းသူကမပြုလုပ်ရ။

၅။ မူလငှားရမ်းသည့်သက်တမ်းပြည့်ပါက ငှားရမ်းမှုရပ်စဲ[illegible]သည်ဖြစ်ပြီး၊ ငှားရမ်းသူကပိုင်ရှင်သို့ ဥပဒေနှင့်

အညီမူလအခြေအနေအတိုင်း လက်ရောက်အပ်နှံရမည် ငှားရမ်းသက်တမ်းလပြည့်၍ ငှားရမ်းသူကဖြစ်စေ၊အငှားချသူကဖြစ်စေ၊ ဆက်လက်ငှားရမ်းလိုပါက (၃)လကြိုတင်၍ နှစ်ဘက် ညှိနှိုင်းဆောင်ရွက်ကြရန် သဘောတူပါသည်။

၆။ ငှားရမ်းသူကမိမိစရိတ်ဖြင့် ထပ်မံတိုးချဲ့ပြင်[illegible]ဆောက်လုပ်လို[illegible]က [illegible]ငှားချထားသူ ပိုင်ရှင်၏ သဘောတူညီချက်ကိုရယူရန်ဖြစ်သည်။ခွင့်ပြု ချက်ရ၍ပြင်[illegible]ပါက ငှားရ[illegible]င်းရပ်ဆိုင်းသည့်အခါ (စက်ပစ္စည်းမှအပ) ၎င်းဆောက်လုပ်ပြင်ဆင်ထားသော [illegible]များကို [illegible]ရန် သဘောတူပါသည်။

၇။ ငှားရမ်းစဉ်ကာလအတွင်း ငှားရမ်းသူ၏ပျက်ကွက်မှုကြောင့် မီးလောင်ပျက်စီးပါက အငှားချထားသူ၏ပစ္စည်းကိုမူလနဂိုအတိုင်းပြန်လည် ပြင်ဆင် ဆောက်လုပ်ပေးရန်သဘောတူပါသည်။

အထက်ပါအချက်အလက်များကို နှစ်ဦးနှစ်ဘက်က ဖတ်ရှုနားလည်သဘောပေါက်ကြပြီး အောက်ပါအသိသက်သေများရှေ့၌ မိမိတို့လွတ်လပ်သော သဘောဆန္ဒနှင့်အညီလက်မှတ်ရေးထိုး ချုပ်ဆိုကြပါသည်။

ကိုဒေါင်ငှားရမ်းသူ

(၁) လက်မှတ်

ကိုဒေါင်အငှားချသူ(ပိုင်ရှင်)

(၂) လက်မှတ်

အသိသက်သေများ

၁။ လက်မှတ်
အမည် ပေါပေါဌေး
မှတ်ပုံတင်အမှတ်
၉/ညဥန(နိုင်)၀၅၄၂၃၃
နေရပ်လိပ်စာ
ပုဂံ/ညောင်ဦး

(၂)။ လက်မှတ်
အမည် ယုယုဝင်း
မှတ်ပုံတင်အမှတ်
၁၂/အစန(နိုင်)၀၆၇၃၀၆
နေရပ်လိပ်စာ
အင်းစိန်

မြေငှားစာချုပ်

ပုံစံ

၁၉၉၉ ခုနှစ်၊ (မြေငှား) အမှုတွဲ အမှတ် လသယ/၄/၁၅၅/၉၉ အရ ထုတ်ပေးသည်။
၁၂.၁၁.၉၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (နောင်တွင် "အငှားချထားသူ" ဟုရည်ညွှန်းသည်။ "အငှားချထားသူ" ဆိုသည့်စကားရပ်တွင် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် အဆိုပါဌာနကို ဆက်ခံသူများ၊ အဆိုပါဌာနက လွှဲအပ်သူများလည်း ပါဝင်သည်။)

နှင့် ဦး [illegible] မြို့နေ၊ ဦး [illegible] ၏၊ သား/သမီး ဖြစ်သော [illegible] အမျိုးသားမှတ်ပုံတင်အမှတ် [illegible] နောက်တွင် "အငှားစာချုပ်ရသူ" ဟုရည်ညွှန်းမည်) တို့၊ ၁၃၆၁ ခုနှစ်၊ နတ်တော် လဆန်း/လဆုတ်/လပြည့်ကျော် ၈ ရက်နေ့၊ ၁၉၉၉ ခုနှစ်၊ (ဒီဇင်ဘာ လ ၁၅ ရက်) တွင် အောက်ပါအတိုင်း မြေငှားစာချုပ်-ချုပ်ဆိုကြသည်။

အငှားစာချုပ်ရသူက-နောက်တွင် သတ်မှတ်ထားသည့် မြေငှားခကို ပေးဆောင်ရန် သဘောတူသောကြောင့် လည်းကောင်း၊ နောက်တွင်ဖော်ပြထားသော ပဋိညာဉ်ချက်များကို ပြုမည်ဖြစ်သောကြောင့်လည်းကောင်း၊ အောက်ပါဇယား၌ ဖော်ပြထားသော မြေကွက်အားလုံးကိုလည်းကောင်း၊ မြေကွက်နှင့် သက်ဆိုင်သော ပိုင်ဆိုင်ခွင့်များ၊ ဝင်-ထွက် သွားလာနိုင်ခွင့် စသော သက်သာခွင့်များနှင့် အခြားအခွင့်အရေးများနှင့်တကွ အငှားချထားသူက အငှားစာချုပ်ရသူအား၊ ဤစာချုပ်ဖြင့် အငှားချထားသည်။ အဆိုပါမြေကွက်အတွင်း မြေပေါ်မြေအောက်ရှိ သတ္တုတွင်းများ၊ ရတနာတွင်းများ၊ မြေမြှုပ်ဘဏ္ဍာများ၊ ကျောက်မီးသွေး၊ ရေနံနှင့် ကျောက်ရိုင်း (Quarries) စသည်တို့သည် ဤစာချုပ်ဖြင့် အငှားချထားခြင်း မရှိစေရ။ ယင်းတို့ ရှာဖွေတူးဖော်ရာ၌ အဆိုပါမြေကွက်၏ မျက်နှာပြင်ကို နှောင့်ယှက်ပျက်စီးစေခဲ့လျှင် အငှားစာချုပ်ရသူအားသင့်တော်သော လျော်ကြေးကို အငှားချထားသူက ပေးရမည်။ ထိုလျော်ကြေးနှင့် စပ်လျဉ်း၍ အငြင်းပွားခဲ့သော် လျော်ကြေးကို တည်ဆဲမြေသိမ်း အက်ဥပဒေ၏ သို့တည်းမဟုတ် စည်းမျဉ်းဥပဒေများ၏ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က ဆုံးဖြတ်ရမည်။

ထို့ကြောင့် ဤစာချုပ်-ချုပ်ဆိုသည့် ၁၅.၁၂.၁၉၉၉ နေ့မှစ၍ နှစ်ပေါင်း ခြောက်ဆယ်ကာလ အပိုင်းအခြား အတွင်း လက်ရှိထားနိုင်ရန် အငှားစာချုပ်ရသူအား အဆိုပါမြေကွက်ကို အငှားချထားသည်။

နှစ်ပေါင်း ၆ ခြောက်ဆယ် မြေငှားစာချုပ် ကာလအပိုင်းအခြားတွင် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ လ [illegible] ရက်နေ့၌ ကုန်ဆုံးသည့် ပထမ တစ်ဆယ့်ငါးနှစ်အတွင်းတွင် ကျပ် [illegible] ပြား ([illegible]) ကို ဇန်နဝါရီလ ၁-ရက်နေ့မှ စသည့် သုံးလပတ်အတွက် ဇန်နဝါရီလ ၁-ရက်နေ့တွင် လည်းကောင်း၊ ဧပြီလ ၁-ရက်နေ့မှ စသည့် သုံးလပတ်အတွက် ဧပြီ ၁-ရက်နေ့တွင် လည်းကောင်း၊ ဇူလိုင်လ ၁-ရက်နေ့မှ စသည့် သုံးလပတ်အတွက် ဇူလိုင်လ ၁-ရက်နေ့တွင် လည်းကောင်း၊ အောက်တိုဘာလ ၁-ရက်နေ့မှစသည့် သုံးလပတ်အတွက် အောက်တိုဘာလ ၁-ရက်နေ့တွင်လည်းကောင်း ကြိုတင်ပေးဆောင်ရမည်။ အဆိုပါ နှစ်ခြောက်ဆယ်ကာလ အပိုင်းအခြား၏ ဒုတိယတစ်ဆယ့်ငါးနှစ်နှင့်တတိယတစ်ဆယ့်ငါးနှစ်၊စတုတ္ထတစ်ဆယ့်ငါးနှစ်အတွက် အပိုဒ်-တွင် ပြဋ္ဌာန်းထားသည့်နည်းလမ်းအတိုင်း အငှားချထားသူအား သတ်မှတ်သည့်မြေငှားခများကို အငှားစာချုပ်ရသူက ပေးဆောင် ရမည်။

၁။ အငှားစာချုပ်ရသူသည် အငှားချထားသူအား အောက်ပါအတိုင်း ပဋိညာဉ်ခံချက် ပြုလုပ်သည်။

(က) အထက်၌ မြေငှားခကို ... သတ်မှတ်ထားသည့် နေ့ရက်များတွင် သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း အဆိုပါမြေငှားခနှင့် အဆိုပါမြေကွက်ပေါ်၌လည်းကောင်း၊ ထိုမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံပေါ်၌သော်လည်းကောင်း၊ အငှားစာချုပ်ရသူအပေါ်၌လည်းကောင်း အဆိုပါ နှစ်ခြောက်ဆယ် ကာလအပိုင်းအခြားအတွင်း စည်းကြပ်ဆဲ စည်းကြပ်လတ္တံ့ ဖြစ်သော အခွန်အတုတ်အားလုံးကို ပေးဆောင်ရန်။

(ခ) ဤစာချုပ်ချုပ်ဆိုသည့်နေ့မှ ၆-လအတွင်း စတင်ဆောက်လုပ်၍ နှစ်နှစ်အတွင်း အဆိုပါမြေကွက်ပေါ်၌ ကောင်းမွန်ခိုင်ခံ့သော လူနေအိမ်၊ ဒေသန္တရအာဏာပိုင်နှင့် သက်ဆိုင်သည့်တရားဥပဒေများနှင့် အညီ ပြီးစီးအောင်ဆောက်လုပ်ရန်နှင့် ထိုလူနေအိမ်စသည်တို့ကို အဆိုပါနှစ်ပေါင်းခြောက်ဆယ်ကာလ အပိုင်းအခြားအတွင်း ပြုပြင်မွမ်းမံထားရှိရန်။

(ဂ) အဆိုပါမြေကွက်တည်ရှိသော ရပ်ကွက်၌သက်ဆိုင်ရာဒေသန္တရအာဏာပိုင်များက မိလ္လာပိုက်နှင့် ရေပိုက်များ ချထားလျှင်၊ ဒေသန္တရအာဏာပိုင်နှင့် သက်ဆိုင်သည့်တရားဥပဒေနှင့်အညီ အဆိုပါမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော အဆောက်အအုံများကို ထိုမိလ္လာပိုက်၊ ရေပိုက်များနှင့် ဆက်သွယ်ရန်။

(ဃ) သက်ဆိုင်သော ဒေသန္တရအာဏာပိုင်က ခွင့်ပြုသော အဆောင်ခွဲနှင့် အလုပ်သမားတန်းလျားများမှအပ အဆိုပါမြေကွက်ပေါ်၌ အဆောက်အအုံတစ်ခုထက်ပို၍ မဆောက်လုပ်ရန်။

(င) အငှားချထားသူ၏ စာဖြင့် သဘောတူညီချက်ကို ကြိုတင်မရရှိဘဲ၊ နှစ်ပေါင်းခြောက်ဆယ်ကာလအပိုင်းအခြားအတွင်းအဆိုပါ မြေကွက်ကို လူနေအိမ်ဆောက်လုပ်ရန်အတွက် မှတစ်ပါး၊ အခြားကိစ္စအတွက် အသုံးပြုရန်နှင့် အဆိုပါ မြေကွက်ပေါ်တွင် ဆောက်လုပ်သည့် လူနေအိမ်ကို လူနေအိမ်အဖြစ်မှ တစ်ပါး အခြားနည်း အသုံးမပြုရန်။

(စ) အငှားချထားသူ၏ စာဖြင့် ကြိုတင်သဘောတူညီချက်မရရှိဘဲ၊ စာချုပ်ပါမြေကို ခွဲခြမ်းခြင်းမပြုရသည့်ပြင် ၄င်းမြေတစ်စိတ်တစ်ဒေသကိုလည်း လွှဲပြောင်းခြင်း၊ တစ်ဆင့်ငှားရမ်းခြင်း၊ လက်လွှတ်ခြင်းများမပြုလုပ်ရ။

(ဆ) ဤစာချုပ်နှင့်စပ်လျဉ်း၍ မည်သည့်ကိစ္စအတွက်မဆို၊ အဆိုပါမြေကွက်သို့ဖြစ်စေ၊ အဆိုပါမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောအဆောက်အအုံသို့ဖြစ်စေ၊နှစ်ပေါင်းခြောက်ဆယ် ကာလအပိုင်းအခြားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ အမိန့်အရ ဆောင်ရွက်သူများအား နေ့ခင်းသင့်တော်သည့် အချိန်များတွင် ဝင်ရောက်ခွင့်ပြုရန်။

(ဇ) ဤစာချုပ်အရ အငှားချထားသည့် နှစ်ပေါင်းခြောက်ဆယ်ကာလ အပိုင်းအခြား ကုန်ဆုံးသောအခါ အဆိုပါမြေကွက်တည်ရှိသည့် အဆောက်အအုံ၊ထိုအဆောက်အအုံနှင့် အမြဲတွဲကပ်ထားသော ပစ္စည်းမပါဝင်စေဘဲ၊အဆိုပါမြေကွက်ကို အငှားချထားသူအား အေးအေးဆေးဆေးစွာပြန်လည် ပေးအပ်ရန်။ သို့ရာတွင် အငှားချထားသူက အပိုဒ် ၂-အရ အဆိုပါမြေကွက်ကို ပြန်လည်သိမ်းယူပြီး စာချုပ်ကိုရပ်စဲလျှင် အဆိုပါမြေကွက်နှင့် ထိုမြေကွက်ပေါ်တွင်တည်ရှိသည့် အဆောက်အအုံ ထိုအဆောက်အအုံနှင့် အမြဲတွယ်ကပ်ထားသောပစ္စည်းများကို အငှားစာချုပ်ရသူက အငှားချထားသူအား အေးအေးဆေးဆေးစွာ ပြန်လည်ပေးအပ်ရန်။

အပိုပဋိညာဉ်ခံချက်များ

ဖော်ပြပါ မြေငှားခနှုန်းသည် ယာယီမျှသာဖြစ်၍ ၁၉၉၉/၂၀၀၀ခုနှစ် အတွင်းတွင် ဖြစ်စေ ထိုနောက် အချိန်ကာလတွင် ပြန်လည်ပြင်ဆင်သင့်က ပြင်ဆင်စည်းကြပ်ရန် ဖြစ်သည်။

၂။ အဆိုပါ မြေငှားခကို တောင်းဆိုသည်ဖြစ်စေ၊ မတောင်းဆိုသည်ဖြစ်စေ၊ ကြိုတင်ပေးဆောင်ရမည့် သုံးလပတ်အတွက် မြေငှားခကို သို့တည်းမဟုတ် ၄င်း၏ အစိတ်အပိုင်းကို ထိုသုံးလပတ်၏ ဒုတိယလ ဦးပိုင်းတွင် မပေးဆောင်သဖြင့် မြေငှားခ မပြေကျန်ရှိလျှင် သို့တည်းမဟုတ် အငှားစာချုပ်ရသူသည် အထက်တွင် ဖော်ပြပါရှိသည့် ပဋိညာဉ်ခံချက်များ အတိုင်း လိုက်နာဆောင်ရွက် ရန်ပျက်ကွက်လျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်သည် အဆိုပါ မြေငှားခကို ရယူရန် ချက်ချင်း အမှုဖွင့်နိုင်သည်။ ထို့ပြင် သို့တည်းမဟုတ် ယခင်က ပဋိညာဉ်ခံ ချက်ပျက်ကွက်ခြင်းအတွက် အရေးယူပိုင်ခွင့်ကိုဖြစ်စေ၊အဆိုပါမြေကွက်ပြန်လည်သိမ်းယူနိုင်ခွင့်ကိုဖြစ်စေ စွန့်လွှတ်ခဲ့စေကာမူ ဤစာ ချုပ်ကိုပယ်ဖျက်၍အဆိုပါ မြေကွက်နှင့် ထိုမြေကွက်ပေါ်တွင် တည်ရှိသော အဆောက်အအုံများ၊ ထိုဆောက်အအုံများနှင့် အမြဲကွယ်ကပ်ထားသော ပစ္စည်းများကို သိမ်းယူနိုင်သည်။

၃။ အငှားချထားသူသည် အငှားစာချုပ်ရသူအား အောက်ပါအတိုင်း ပဋိညာဉ်ခံချက် ပြုလုပ်သည်။

(က) အပိုဒ် ၂-အရ၊ ဤစာချုပ်ကို ပယ်ဖျက်ကြောင်း နို့တစ်စာကို အငှားချထားသူက မိမိ သင့်လျော်သည်ဟု ထင်မြင်သည့် နည်းလမ်းအတိုင်း အငှားဂရန် ရသူ၏ နောက်ဆုံး သိရှိရသော လိပ်စာတပ်ပြီး ရေစစ္စတြီပြုလုပ်၍ စာပို့တိုက်မှ ပေးပို့နိုင်သည်။ သို့တည်းမဟုတ် ဆိုခဲ့သည့်အတိုင်း လိပ်စာတပ်၍ နို့တစ်စာကို အဆိုပါမြေကွက်၊ အဆောက်အအုံ စသည့် ပစ္စည်းများ၏ ထင်ရှား၍ လူအများမြင်သာသောနေရာတွင် ကပ်ထားနိုင်သည်။ အဆိုပါ နို့တစ်စာကိုပြဆိုသည့်နည်းလမ်းအတိုင်းပို့ခြင်း၊ ကပ်ထားခြင်း ပြုလုပ်ပြီးနောက် ရက်ပေါင်း ခြောက်ဆယ်အတွင်း အငှားစာချုပ် ရသူက အဆိုပါ ညွှန်ကြားရေးမှူးချုပ်အား မပြေကျန်ရှိနေသေးသော မြေငှားခကို ဤစာချုပ်ပယ်ဖျက်ခြင်း သို့တည်းမဟုတ် အဆိုပါမြေကွက် ပြန်လည်သိမ်းယူခြင်း၊ သို့တည်းမဟုတ် အဆိုပါမြေကွက်ကို ပြန်လည် အငှားချထားခြင်းနှင့် စပ်လျဉ်း၍ အငှားချထားသူက ကုန်ကျသောစရိတ် အားလုံးနှင့်တကွ အဆိုပါ ညွှန်ကြားရေးမှူးချုပ်သို့ ပေးဆောင်လျှင်သော်လည်းကောင်း၊ အခြားပဋိညာဉ်ခံချက် တစ်ခုခုနှင့် စပ်လျဉ်း၍ ပျက်ကွက်သည့်အတွက် နစ်နာမှုကို ပပျောက်စေရန် အဆိုပါ ညွှန်ကြားရေးမှူးချုပ် ကျေနပ်လောက်အောင် ဆောင်ရွက်လျှင် လည်းကောင်း အငှားချထားသူက ဤစာချုပ်ပါ ပဋိညာဉ်ခံချက်များအတိုင်း နှစ်ပေါင်းခြောက်ဆယ် ကာလအပိုင်းအခြား၏ ကျန်ရှိနေသေးသော ကာလအဖို့ အဆိုပါမြေကွက်နှင့် ပြန်လည်သိမ်းယူသည့်အချိန်တွင် ထိုမြေကွက်ပေါ်၌တည်ရှိနေသော အဆောက်အအုံ၊ ထိုအဆောက်အအုံနှင့် အမြဲတွယ်ကပ်ထားသော ပစ္စည်းများကို လက်ရှိ ထားနိုင်စေခြင်းငှာ အငှားစာချုပ်ရသူအား ပြန်လည်ပေးအပ်ရန်။ သို့ရာတွင် မီးကြောင့်သော်လည်းကောင်း၊ အခြား အကြောင်း တစ်ခုခုကြောင့်သော်လည်းကောင်း ပျက်စီးရသည့် အဆောက်အအုံ သို့တည်းမဟုတ် ထိုအဆောက်အအုံနှင့် အမြဲတွယ်ကပ်ထားသော ပစ္စည်းများကို ပြန်လည်ပေးအပ်ရန် အငှားချထားသူ၌ တာဝန်မရှိသည့်အပြင် ယင်းသို့ ပြန်လည်သိမ်းယူ သည့်အခါက ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရဆောက်လုပ်ရေးဝန်ကြီးဌာန၊မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ အမှုထမ်းများသို့တည်းမဟုတ် ကိုယ်စားလှယ်များ၏ ဖျက်လိုဖျက်ဆီးပြုလုပ်မှုကြောင့် ဆုံးရှုံးပျက်စီးခြင်းအတွက်မှတစ်ပါး အဆိုပါမြေကွက် ပေါ်တွင် ဖြစ်စေ၊ အထဲတွင်ဖြစ်စေ တည်ရှိသော အဆောက်အအုံနှင့် အခြားပစ္စည်းများ၏ တန်ဖိုးယုတ်လျော့ခြင်း၊ ပြုပြင်မှုကင်းမဲ့ခြင်း၊ သို့တည်းမဟုတ် ပျက်ဆီးယိုယွင်းခြင်းအတွက်ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရဆောက်လုပ်ရေးဝန်ကြီးဌာန၊မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၌ တာဝန်မရှိစေရန်။

(ခ) အပိုဒ် ၂-အရ၊ ဤစာချုပ်ကိုပယ်ဖျက်ပြီး မဟုတ်လျှင်လည်းကောင်း၊ အငှားစာချုပ်ရသူကနှစ်ပေါင်းခြောက်ဆယ် ကာလအပိုင်းအခြား ကုန်ဆုံးသည့်အထိ အဆိုပါမြေငှားခကိုပြေလည်အောင် ပေးဆောင်၍ ဤစာချုပ်ပါမိမိပြုလုပ်သည့် ပဋိညာဉ်ခံချက်များအတိုင်း လိုက်နာဆောင်ရွက်လျှင်လည်းကောင်း အငှားစာချုပ်ရသူသည် အဆိုပါမြေကွက်ပေါ်တွင် တည်ဆောက်တွယ်ကပ်ထားသောအဆောက်အအုံများ၊ ထိုအဆောက်အအုံများနှင့် အမြဲတွယ်ကပ်ထားသော ပစ္စည်းများကို အဆိုပါကာလအပိုင်းအခြားမကုန် မီ ခြောက်လအတွင်း ဖျက်သိမ်းသယ်ယူခွင့်ရှိသည်။ သို့ရာတွင် ထိုသို့ သယ်ယူခြင်းကြောင့် အဆိုပါမြေကွက်ပျက်စီးယိုယွင်းခဲ့ လျှင် ထိုမြေကွက်ကိုမူလအခြေအနေအတိုင်းရှိအောင် ပြုပြင်ပေးရန်။

(ဂ) (၂၀၁၄)ခုနှစ်၊ [illegible] လ၊ (၁၄)ရက်နေ့မှစ၍ ပထမတဆယ့်ငါးနှစ် ကုန်ဆုံးသည့် အခါ ဒုတိယတဆယ့်ငါးနှစ်အတွက် ရန်ကုန်စည်ပင်သာယာရေး မြေနည်းဥပဒေ ၂၄-အရ စည်းကြပ်သော သုံးလပတ်မြေငှားခကိုလည်းကောင်း၊ ဒုတိယတဆယ့်ငါးနှစ်ကုန်ဆုံးသည့်အခါ တတိယတဆယ့်ငါးနှစ်အတွက် အဆိုပါ နည်းဥပဒေ ၂၄-အရ စည်းကြပ်သော သုံးလပတ်မြေငှားခကိုလည်းကောင်း၊ တတိယတဆယ့်ငါးနှစ်ကုန်ဆုံးသည့်အခါ စတုတ္ထတဆယ့် ငါးနှစ်အတွက် အဆိုပါနည်းဥပဒေ ၂၄-အရ စည်းကြပ်သောသုံးလပတ်မြေငှားခကိုလည်းကောင်း အငှားစာချုပ်ရသူက အငှားချထားသူအား ပေးဆောင်ရန်။ အကယ်၍ အထက်ပါနည်းလမ်းအတိုင်း မြေငှားခကိုပြန်လည်စည်းကြပ်ခြင်းမပြုလျှင် အငှားစာချုပ်ရသူသည် ဤအပိုဒ်ခွဲတွင်ပြဋ္ဌာန်းထားသည့်နည်းလမ်းအတိုင်း မြေငှားခကိုပြောင်းလဲခြင်းမပြုမီ သတ်မှတ်ထားသည့် စည်းကြပ်ဆဲသုံးလပတ်မြေငှားခကို ဆက်လက်ပေးဆောင်ရန်။

(ဃ) ဤစာချုပ်ပါ အခြားပြဋ္ဌာန်းချက်များတွင် ဆန့်ကျင်လျက်မည်သို့ပင်ပါရှိစေကာမူ ဤစာချုပ်ချုပ်ဆိုသည့်နေ့မှစ၍ ပထမနှစ်ပေါင်းသုံးဆယ်အတွင်းသတ်မှတ်ထားသော သို့တည်းမဟုတ် ပြန်လည်စည်းကြပ်သောမြေငှားခကို ပြေလည်အောင် ပေးဆောင်ခဲ့သောကြောင့်လည်းကောင်း၊ ပြုလုပ်ထားသည့်ပဋိညာဉ်ခံချက်များကို မပျက်မကွက်လိုက်နာဆောင်ရွက်သောကြောင့် လည်းကောင်း သတ်မှတ်ထားသော သို့တည်းမဟုတ် ပြန်လည်စည်းကြပ်သောသုံးလပတ် မြေငှားခဖြင့်နောက်ထပ် နှစ်ပေါင်း သုံးဆယ်အတွက် ဆက်လက်၍အဆိုပါမြေကွက်ကိုငှားရမ်း မြေငှားစာချုပ် အသစ် ချုပ်ဆိုရန် သဘောဟူကြောင်း အဆိုပါ ပထမ နှစ်ပေါင်းသုံးဆယ်မပြည့်မီ အနည်းဆုံးခြောက်လကြိုတင်၍ အငှားရသူက အငှားချထားသူအား စာဖြင့် အကြောင်းကြားရမည်။ အကြောင်းကြားစာနှင့်အတူ ပထမမြေငှားစာချုပ်ကိုပေးအပ်လျှင် ထိုအကြောင်းကြားစာရရှိသည့်နေ့မှ ခြောက်လအတွင်းနောက် နှစ်ပေါင်းသုံးဆယ်အတွက် ပထမမြေငှားစာချုပ်ပါ ပဋိညာဉ်ခံချက်များနှင့်ဖြစ်နိုင်သမျှ တူညီသည့် ပဋိညာဉ်ခံချက်များပါရှိသည့် မြေငှားစာချုပ် အသစ်ကို အငှားစာချုပ်ရသူ၏ စရိတ်ဖြင့် အငှားချထားသူကထုတ်ပေးရန်။ အကယ်၍ မြေငှားခကို သတ်မှတ်ခြင်းမရှိသေးလျှင် ပထမမြေငှားစာချုပ်အရ နောက်ဆုံးပေးဆောင်ခဲ့ရသော သုံးလပတ်မြေငှားခကို အငှားစာချုပ်ရသူကပေးဆောင်ရန်။

ဤစာချုပ်ပါစကားရပ်များကိုသိရှိနားလည်ကြပြီးဖြစ်သဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးတို့ရှေ့တွင် ဦးစီးဌာနတံဆိပ်ကိုခပ်နှိပ်၍ အဆိုပါညွှန်ကြားရေးမှူးချုပ်နှင့်အဆိုပါ ဒေါ်ချိုချိုဝေ၊ ခင်စောဝေ၊ သည် ဤစာချုပ်ကိုအထက်၌ဖော်ပြခဲ့သည့်နေ့တွင် လက်မှတ် ရေးထိုးကြကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန

မြို့ - ရန်ကုန်

တံဆိပ်ကို ညွှန်ကြားရေးမှူးချုပ် ဦးစံဇော် ______ တံဆိပ် ______ ညွှန်ကြားရေးမှူးချုပ်

ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး တင်ယုန်း ______ ဒုတိယညွှန်ကြားရေးမှူးချုပ်

နှင့် ညွှန်ကြားရေးမှူး ကိုး တင်ဝင်း တို့
ရှေ့မှောက်၌ ခပ်နှိပ်၍ အဆိုပါ
ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်
ညွှန်ကြားရေးမှူးတို့လက်မှတ် ရေးထိုးသည်။

______ ညွှန်ကြားရေးမှူး

အသိသက်သေ။

ဒုတိယညွှန်ကြားရေးမှူး (မြေနှင့်အခွန်) ဦးကျော်ဝင်း၊

အငှားစာချုပ်ရသူ ဒေါ်ချိုချိုဝေ၊ ဒေါ်ခင်စောဝေ၊ က
လက်မှတ်ရေးထိုးသည်။ ______ အငှားစာချုပ်ရသူ

အသိသက်သေ။

၁။ ကောင်းရွှေသာကြည်၊ (၁၃/တကတ(နိုင်)၁၂၀၅၇၀)

၂။ ______

ဦးစီးအရာရှိ
မြို့နှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဦးဝီးအာရှ
မမြို့နှင့် ______ (ရုံးချုပ်)

အထက်တွင် ရည်ညွှန်းထားသည့် မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏
ပိုင်ဆိုင်မှုဖြစ်သော လူနေရပ်ကွက်အမှတ် လှိုင်သာယာစက်မှုမြို့
မြေတိုင်းရပ်ကွက်အမှတ် ၁၈ပိုင်း - ၄
ရန်ကုန်မြို့ လှိုင်သာယာ မြို့နယ်။
အတွင်းရှိ ______ တန်းစား၊ မြေကွက်အမှတ် ၁၅၀
ဖြစ်သည်။ ပူးတွဲပါ မြေပုံ၌ မင်နီဖြင့် ပြထားသော အလျား ၄၂၃´ ၄၂၀´ ပေ၊ အနံ ၁၂၆´၆" ၁၂၆´ ပေခန့်ရှိသော အလား အလာ
အရှေ့လားသော် လမ်း၊
အနောက်လားသော် မြေကွက်အမှတ် - ၁၁၆
တောင်လားသော် မြေကွက်အမှတ် - ၁၄၉
မြောက်လားသော် မြေကွက်အမှတ် - ၁၅၁
အတွင်းရှိ မြေအားလုံး ဧရိယာ ၁.၂၃၄ ဧက၊ (စတုရန်းပေ ၅၃၇၄၁.၂၅)

4/150 1.234 ဧ



မြေဂိုဒေါင်ငှားရမ်းခြင်းသဘောတူကတိစာချုပ်

နေ့စွဲ။ ။ ၃၀. ၁၂. ၂၀၀၃.

ဂိုဒေါင်ပိုင်ရှင်။	အမည်	ဦး[illegible]ထွေး
	မှတ်ပုံတင်အမှတ်	[illegible]/လသန (နိုင်) ၀၁၆၂၀၆
	နေရပ်လိပ်စာ	အမှတ်(၅၁)၊ လှိုင်မြင့်မိုရ်လမ်းသွယ်(၃)၊ ကန်လမ်း၊ လှိုင်မြို့နယ်၊ရန်ကုန်တိုင်း။
ဂိုဒေါင်ငှားရမ်းသူ။	အမည်	ဒေါ်သီသီဝင်း
	မှတ်ပုံတင်အမှတ်	၁၂/သဃက (နိုင်) ၀၆၈၇၀၅
	နေရပ်လိပ်စာ	အမှတ်(၅)၊မိုးမခလမ်း(၃)၊ (၄၆)ရပ်ကွက်၊ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်။ရန်ကုန်တိုင်း။

အထက်ပါ ဂိုဒေါင်ပိုင်ရှင် နှင့် ဂိုဒေါင်ငှားရမ်းသူ ဟု ဆိုရာတွင် ၄င်းတို့၏တရားဝင် ကိုယ်စား လှယ်များ၊ အမွေဆက်ခံသူအားလုံးပါဝင်သည် ဟုမှတ်ယူရမည်။

၁။ ငှားရမ်းသည့်ဂိုဒေါင်

ရန်ကုန်တိုင်း၊လှိုင်သာယာမြို့နယ်၊စက်မှုဇုန်အကွက်[illegible] မြေကွက်အမှတ် (၁၄၉/၁၅၀)၊ ဦးတရုတ်ကြီးလမ်းတွင်တည်ရှိသောမြေအကျယ် (2.5)ဧကပေါ်ရှိ မြေအကျယ်(24x100)အတွင်း တည်ရှိသော Office အကျယ် (10x100) /(40x 100)၂ထပ်၂ခုအပါအဝင်ဖြစ်ပါသည်။ နံပါတ်(685257) Fax Phone (၁) လုံး နှင့် နံပါတ် (685131) Phone (၁) လုံးဝင်ပါသည်။

၂။ ငှားရမ်းခ

တစ်လလျှင် Fec 500 (Fec 500) တိတိဖြင့်ပေးချေရန်သဘောတူပါသည်။

၃။ ငွေပေးချေပုံစနစ်

တစ်နှစ်ငှားရမ်းခပေးပါရန်ဖြစ်ပါသည်။ တစ်နှစ်ငှားရမ်းခြင်း သက်တမ်းကို (၁. ၁. ၂၀၀၄)မှ (၃၁. ၁၂. ၂၀၀၄)ထိသတ်မှတ်ပါသည်။

၄။ ငှားရမ်းစဉ်ကျသင့်သောလျှပ်စစ်မီတာခ၊တယ်လီဖုန်းခနှင့်လုပ်ငန်းအခွန်များ၊ စက်မှုဇုန်အတွက် အခါအား လျော်စွာ ကျသင့်သောအလှူတော်ငွေများကို ငှားရမ်းသူကကျခံရမည်။ ထိုအပြင်ငှားရမ်းသည့်မြေ ဂိုထောင်အား တဆင့်ရောင်းချခြင်း၊ လွှဲပြောင်းခြင်းမပြုလုပ်ရ။ ဥပဒေနှင့်ဆန့်[illegible]ဘက် ကိစ္စရပ်များ ငှားရမ်းသူကမပြုလုပ်ရ။

၅။ မူလငှားရမ်းသည့်သက်တမ်းပြည့်ပါက ငှားရမ်းမှုရပ်စဲ[illegible]သည်ဖြစ်ပြီး၊ ငှားရမ်းသူကပိုင်ရှင်သို့ ဥပဒေနှင့်

အညီမူလအခြေအနေအတိုင်း လက်ရောက်အပ်နှံရမည် ငှားရမ်းသက်တမ်းလပြည့်၍ ငှားရမ်းသူကဖြစ်စေ၊အငှား ချသူကဖြစ်စေ၊ ဆက်လက်ငှားရမ်းလိုပါက (၃)လကြိုတင်၍ နှစ်ဘက် ညှိနှိုင်းဆော်ရွက်ကြရန် သဘောတူပါသည်။

၆။ ငှားရမ်းသူကမိမိစရိတ်ဖြင့် ထပ်မံတိုးချဲ့ပြင်[illegible]ဆောက်လုပ်လို[illegible]က [illegible]ငှားချထားသူ ပိုင်ရှင်၏ သဘောတူညီ ချက်ကိုရယူရန်ဖြစ်သည်။ခွင့်ပြု ချက်ရရှိပြင်[illegible]ပါက ငှား[illegible]းရပ်ဆိုင်းသည့်အခါ (စက်ပစ္စည်းမှ အပ) ၄င်းဆောက်လုပ်ပြင်ဆင်ထားသော အ[illegible]များကို [illegible]ရန် သဘောတူပါသည်။

၇။ ငှားရမ်းစဉ်ကာလအတွင်း ငှားရမ်းသူ၏ပျက်ကွက်မှုကြောင့် မီးလောင်ပျက်စီးပါက အငှားချထားသူ၏ပစ္စည်း ကိုမူလနဂိုအတိုင်းပြန်လည် ပြင်ဆင် ဆောက်လုပ်ပေးရန်သဘောတူပါသည်။

အထက်ပါအချက်အလက်များကို နှစ်ဦးနှစ်ဘက်က ဖတ်ရှုနားလည်သဘောပေါက်ကြပြီး အောက်ပါအသိသက် သေများရှေ့၌ မိမိတို့လွတ်လပ်သော သဘောဆန္ဒနှင့်အညီလက်မှတ်ရေးထိုး ချုပ်ဆိုကြပါသည်။

ကိုယ်ပိုင်ငှားရမ်းသူ

ကိုယ်ပိုင်အငှားချသူ(ပိုင်ရှင်)

Khin H.M

(၁) လက်မှတ်

အသိသက်သေများ

(၂) လက်မှတ်

၁။ လက်မှတ်
အမည် ပေါပေါငွေ
မှတ်ပုံတင်အမှတ်
၉/ညဥန(နိုင်)၀၅၄၂၇၇
နေရပ်လိပ်စာ
ပုဂံ/ညောင်ဦး

(၂)။ လက်မှတ်
အမည် ယုယုဝင်း
မှတ်ပုံတင်အမှတ်
၁၂/အစန(နိုင်)၀၆၇၃၀၆
နေရပ်လိပ်စာ
အင်းစိန်

15/12/99 15/12/99

THIRTY KYATS

15 DEC 1999

မြေငှားစာချုပ်



မူကြမ်း

၁၉၉၉ ခုနှစ်၊ (မြေငှား) အမှတ်တွဲ အမှတ် လသသယ/၄/၁၅၇/၉၉ ၁၂.၁၁.၉၉ အရ၊ ထုတ်ပေးသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (နောင်တွင် "အငှားချထားသူ" ဟု ရည်ညွှန်းသည်။ "အငှားချထားသူ" ဆိုသည့်စကားရပ်တွင် မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် အဆိုပါဌာနကို ဆက်ခံသူများ၊ အဆိုပါဌာနက လွှဲအပ်သူများလည်း ပါဝင်သည်။)

နှင့် ကျော်ကြီး မြို့နေ၊ ဦး [illegible] (ခ) ခင်မောင်ကြွယ် ၏၊ သား / သမီး ဖြစ်သော [illegible] အမျိုးသားမှတ်ပုံတင်အမှတ် ၁၄/ပသန(နိုင်)၀၀၀၀၃၂ ၁၂/လသန(နိုင်)၀၁၄၂၀၄ နောက်တွင် "အငှားစာချုပ်ရသူ" ဟု ရည်ညွှန်းသည် တို့၊ ၁၃၆၁ ခုနှစ်၊ နတ်တော် လဆန်း / လဆုတ် / လပြည့်ကျော် ၈ ရက်နေ့၊ ၁၉၉၉ ခုနှစ်၊ (ဒီဇင်ဘာ လ ၁၅ ရက်) တွင် အောက်ပါအတိုင်း မြေငှားစာချုပ်-ချုပ်ဆိုကြသည်။

အငှားစာချုပ်သူက-နောက်တွင် သတ်မှတ်ထားသည့် မြေငှားခကို ပေးဆောင်ရန် သဘောတူသောကြောင့် လည်းကောင်း၊ နောက်တွင်ဖော်ပြရှိသော ပဋိညာဉ်ချက်များကို ပြုမည်ဖြစ်သောကြောင့်လည်းကောင်း၊ အောက်ပါဇယား၌ ဖော်ပြထားသော မြေကွက်အားလုံးကို ထိုမြေကွက်နှင့် သက်ဆိုင်သော ပိုင်ဆိုင်ခွင့်များ၊ ဝင်-ထွက် သွားလာနိုင်ခွင့် စသော သက်သာခွင့်များနှင့် အခြားအခွင့်အရေးများနှင့်တကွ အငှားချထားသူက အငှားစာချုပ်ရသူအား၊ ဤစာချုပ်ဖြင့် အငှားချထားသည်။ အဆိုပါမြေကွက်အတွင်း မြေပေါ်မြေအောက်ရှိ သတ္တုတွင်းများ၊ [illegible]များ၊ ပြေမြှုပ်ဘဏ္ဍာများ၊ ကျောက်မီးသွေး၊ ရေနံနှင့် ကျောက်ရိ (Quarries) စသည်တို့သည် ဤစာချုပ်ဖြင့် အငှားချထားခြင်းတွင် မပါဝင်ချေ။ ယင်းသို့ ရှာဖွေတူးဖော်ရာ၌၊ သယ်ဆောင်ရာ၌ အဆိုပါမြေကွက်၏ မျက်နှာပြင်ကို နှောင့်ယှက်ပျက်စီးစေခဲ့လျှင် အငှားစာချုပ်ရသူအားသင့်တော်သော လျော်ကြေးကို အငှားချထားသူက ပေးရမည်။ ထိုလျော်ကြေးနှင့် စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ခဲ့သော် လျော်ကြေးကို တည်ဆဲမြေသိမ်း အက်ဥပဒေ၏ သို့တည်းမဟုတ် စည်းမျဉ်းဥပဒေများ၏ ပြဋ္ဌာန်းချက်နှင့် အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က ဆုံးဖြတ်ရမည်။

ထို့ကြောင့် ဤစာချုပ်-ချုပ်ဆိုသည့် ၁၅.၁၂.၁၉၉၉ နေ့မှစ၍ နှစ်ပေါင်း ခြောက်ဆယ်ကာလ အပိုင်းအခြား အတွက် လက်ရှိထားနိုင်ရန် အငှားစာချုပ်ရသူအား အဆိုပါမြေကွက်ကို အငှားချထားသည်။

နှစ်ပေါင်း ခြောက်ဆယ် မြေငှားစာချုပ် ကာလအပိုင်းအခြားတွင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ လ [illegible] ရက်နေ့၌၊ ကုန်ဆုံးသည့် ပထမ တစ်ဆယ့်ငါးနှစ်အတွင်းတွင် ကျပ် ၁၃၄၆/- ပြား [illegible] ([illegible]) စီကို ဇန်နဝါရီလ ၁-ရက်နေ့မှ စသည့် သုံးလပတ် အတွက် ဇန်နဝါရီလ ၁-ရက်နေ့တွင် လည်းကောင်း၊ ဧပြီလ ၁-ရက်နေ့မှ စသည့် သုံးလပတ် အတွက် ဧပြီ ၁-ရက်နေ့တွင် လည်းကောင်း၊ ဇူလိုင်လ ၁-ရက်နေ့မှ စသည့် သုံးလပတ်အတွက် ဇူလိုင်လ ၁-ရက်နေ့တွင် လည်းကောင်း၊ အောက်တိုဘာလ ၁-ရက်နေ့မှစသည့် သုံးလပတ်အတွက် အောက်တိုဘာလ ၁-ရက်နေ့တွင်လည်းကောင်း ကြိုတင်ပေးဆောင်ရမည်။ အဆိုပါ နှစ်ခြောက်ဆယ်ကာလ အပိုင်းအခြား၏ ဒုတိယတဆယ့်ငါးနှစ်နှင့်တတိယတစ်ဆယ့်ငါးနှစ်၊ စတုတ္ထတစ်ဆယ့်ငါးနှစ်အတွက် အပိုဒ်-တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း အငှားချထားသူအား သတ်မှတ်သည့် မြေငှားခများကို အငှားစာချုပ်ရသူက ပေးဆောင်ရမည်။



15 DEC 1999

၁။ အငှားစာချုပ်ရသူသည် အငှားချထားသူအား အောက်ပါအတိုင်း ပဋိညာဉ်ခံချက် ပြုလုပ်သည်။

(က) အထက်၌ မြေငှားခကို ... သတ်မှတ်ထားသည့် နေ့ရက်များတွင် သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း အဆိုပါမြေငှားခနှင့် အဆိုပါမြေကွက်ပေါ်၌လည်းကောင်း၊ ထိုမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံပေါ်၌ သော်လည်းကောင်း၊ အငှားစာချုပ်ရသူအပေါ်၌လည်းကောင်း အဆိုပါ နှစ်ခြောက်ဆယ့် ကာလအပိုင်းအခြားအတွင်း စည်းကြပ်ဆဲ စည်းကြပ်လတ္တံ့ ဖြစ်သော အခွန်အတုတ်အားလုံးကို ပေးဆောင်ရန်။

(ခ) ဤစာချုပ်ချုပ်ဆိုသည့်နေ့မှ ၆–လအတွင်း စတင်ဆောက်လုပ်၍ နှစ်နှစ်အတွင်း အဆိုပါမြေကွက်ပေါ်၌ ကောင်းမွန်ခိုင်ခံ့သော လူနေအိမ်၊ ဒေသန္တရအာဏာပိုင်နှင့် သက်ဆိုင်သည့်တရားဥပဒေများနှင့် အညီ၊ ပြီးစီးအောင်ဆောက်လုပ်ရန်နှင့် ထိုလူနေအိမ်စသည်တို့ကို အဆိုပါနှစ်ပေါင်းခြောက်ဆယ်ကာလ အပိုင်းအခြားအတွင်း ပြုပြင်မွမ်းမံထားရှိရန်။

(ဂ) အဆိုပါမြေကွက်တည်ရှိသော ရပ်ကွက်၌သက်ဆိုင်ရာဒေသန္တရအာဏာပိုင်များက မိလ္လာပိုက်နှင့်ရေပိုက်များ ချထားလျှင်၊ ဒေသန္တရအာဏာပိုင်နှင့် သက်ဆိုင်သည့်တရားဥပဒေနှင့်အညီ အဆိုပါမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော အဆောက်အအုံများကို ထိုမိလ္လာပိုက်၊ ရေပိုက်များနှင့် ဆက်သွယ်ရန်။

(ဃ) သက်ဆိုင်သော ဒေသန္တရအာဏာပိုင်က ခွင့်ပြုသော အဆောင်ခွဲနှင့် အလုပ်သမားတန်းလျားများမှအပ အဆိုပါမြေကွက်ပေါ်၌ အဆောက်အအုံတစ်ခုထက်ပို၍ မဆောက်လုပ်ရန်။

(င) အငှားချထားသူ၏ စာဖြင့် သဘောတူညီချက်ကို ကြိုတင်မရရှိဘဲ၊ နှစ်ပေါင်းခြောက်ဆယ်ကာလအပိုင်းအခြားအတွင်းအဆိုပါ မြေကွက်ကို လူနေအိမ်ဆောက်လုပ်ရန်အတွက် မှတစ်ပါး၊ အခြားကိစ္စအတွက် အသုံးပြုရန်နှင့် အဆိုပါ မြေကွက်ပေါ်တွင် ဆောက်လုပ်သည့် လူနေအိမ်ကို လူနေအိမ်အဖြစ်မှ တစ်ပါး အခြားနည်း အသုံးမပြုရန်။

(စ) အငှားချထားသူ၏ စာဖြင့် ကြိုတင်သဘောတူညီချက်မရရှိဘဲ၊ စာချုပ်ပါမြေကို ခွဲခြမ်းခြင်းမပြုရသည့်ပြင် ၎င်းမြေတစ်စိတ်တစ်ဒေသကိုလည်း လွှဲပြောင်းခြင်း၊ တစ်ဆင့်ငှားရမ်းခြင်း၊ လက်လွှတ်ခြင်းများမပြုလုပ်ရ။

(ဆ) ဤစာချုပ်နှင့်စပ်လျဉ်း၍ မည်သည့်ကိစ္စအတွက်မဆို၊ အဆိုပါမြေကွက်သို့ဖြစ်စေ၊ အဆိုပါမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောအဆောက်အအုံသို့ဖြစ်စေ၊ နှစ်ပေါင်းခြောက်ဆယ်ကာလအပိုင်းအခြားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ အမိန့်အရ ဆောင်ရွက်သူများအား နေ့ခင်း သင့်တော်သည့် အချိန်များတွင် ဝင်ရောက်ခွင့်ပြုရန်။

(ဇ) ဤစာချုပ်အရ အငှားချထားသည့် နှစ်ပေါင်းခြောက်ဆယ်ကာလ အပိုင်းအခြား ကုန်ဆုံးသောအခါ အဆိုပါမြေကွက် တည်ရှိသည့် အဆောက်အအုံ၊ ထိုအဆောက်အအုံနှင့် အမြဲတွဲကပ်ထားသော ပစ္စည်းမပါဝင်စေဘဲ၊ အဆိုပါမြေကွက်ကို အငှားချထားသူအား အေးဆေးစွာပြန်လည်ပေးအပ်ရန်။ သို့ရာတွင် အငှားချထားသူက အပိုဒ် ၂–အရ အဆိုပါမြေကွက်ကို ပြန်လည်သိမ်းယူပြီး စာချုပ်ကိုရပ်စဲလျှင် အဆိုပါမြေကွက်နှင့် ထိုမြေကွက်ပေါ်တွင်တည်ရှိသည့် အဆောက်အအုံ ထိုအဆောက်အအုံနှင့် အမြဲတွယ်ကပ်ထားသောပစ္စည်းများကို အငှားစာချုပ်ရသူက အငှားချထားသူအား အေးဆေးစွာ ပြန်လည်ပေးအပ်ရန်။

အပိုပဋိညာဉ်ခံချက်များ

ဖော်ပြပါ မြေငှားခနှုန်းသည် ယာယီမျှသာဖြစ်၍ ၁၉[illegible]ခုနှစ် အတွင်းတွင် ဖြစ်စေ
ထိုနောက် အချိန်ကာလတွင် ပြန်လည်ပြင်ဆင်သင့်က ပြင်ဆင်စည်းကြပ်ရန် ဖြစ်သည်။

၂။ အဆိုပါ မြေငှားခကို တောင်းဆိုသည်ဖြစ်စေ၊ မတောင်းဆိုသည်ဖြစ်စေ၊ ကြိုတင်ပေးဆောင်ရမည့် သုံးလပတ်အတွက် မြေငှားခကို သို့တည်းမဟုတ် ၎င်း၏ အစိတ်အပိုင်းကို ထိုသုံးလပတ်၏ ဒုတိယလ ဦးပိုင်းတွင် မပေးဆောင်သဖြင့် မြေငှားခ မပြေကျွန်ရှိလျှင် သို့တည်းမဟုတ် အငှားစာချုပ်ရသူသည် အထက်တွင် ဖော်ပြပါရှိသည့် ပဋိညာဉ်ခံချက်များ အတိုင်း လိုက်နာဆောင်ရွက် ရန် ပျက်ကွက်လျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်သည် အဆိုပါ မြေငှားခကို ရယူရန် ချက်ချင်း အမှုဖွင့်နိုင်သည်။ ထို့ပြင် သို့တည်းမဟုတ် ယခင်က ပဋိညာဉ်ခံ ချက် ပျက်ကွက်ခြင်းအတွက် အရေးယူပိုင်ခွင့်ကိုဖြစ်စေ၊ အဆိုပါမြေကွက်ပြန်လည်သိမ်းယူနိုင်ခွင့်ကိုဖြစ်စေ စွန့်လွှတ်ခဲ့စေကာမူ ဤစာ ချုပ်ကို ပယ်ဖျက်၍ အဆိုပါ မြေကွက်နှင့် ထိုမြေကွက်ပေါ်တွင် တည်ရှိသော အဆောက်အအုံများ၊ ထိုဆောက်အအုံများနှင့် အမြဲကွယ်ကပ်ထားသော ပစ္စည်းများကို သိမ်းယူနိုင်သည်။

၃။ အငှားချထားသူသည် အငှားစာချုပ်ရသူအား အောက်ပါအတိုင်း ပဋိညာဉ်ခံချက် ပြုလုပ်သည်။

(က) အပိုဒ် ၂-အရ၊ ဤစာချုပ်ကို ပယ်ဖျက်ကြောင်း နို့တစ်စာကို အငှားချထားသူက မိမိ သင့်လျော်သည်ဟု ထင်မြင်သည့်
နည်းလမ်းအတိုင်း အငှားဂရန် ရသူ၏ နောက်ဆုံး သိရှိရသော လိပ်စာတပ်ပြီး ရေစစ္စတြီပြုလုပ်၍ စာပို့တိုက်မှ ပေးပို့နိုင်သည်။
သို့တည်းမဟုတ် ဆိုခဲ့သည့်အတိုင်း လိပ်စာတပ်၍ နို့တစ်စာကို အဆိုပါမြေကွက်၊ အဆောက်အအုံ စသည့် ပစ္စည်းများ၏ ထင်ရှား၍
လူအများမြင်သာသောနေရာတွင် ကပ်ထားနိုင်သည်။ အဆိုပါ နို့တစ်စာကိုပြဆိုသည့်နည်းလမ်းအတိုင်းပို့ခြင်း၊ ကပ်ထားခြင်း
ပြုလုပ်ပြီးနောက် ရက်ပေါင်း ခြောက်ဆယ်အတွင်း အငှားစာချုပ် ရသူက အဆိုပါ ညွှန်ကြားရေးမှူးချုပ်အား မပြေကျန်ရှိနေသေးသော
မြေငှားခကို ဤစာချုပ်ပယ်ဖျက်ခြင်း သို့တည်းမဟုတ် အဆိုပါမြေကွက် ပြန်လည်သိမ်းယူခြင်း၊ သို့တည်းမဟုတ် အဆိုပါမြေကွက်ကို
ပြန်လည် အငှားချထားခြင်းနှင့် စပ်လျဉ်း၍ အငှားချထားသူက ကုန်ကျသောစရိတ် အားလုံးနှင့်တကွ အဆိုပါ ညွှန်ကြားရေးမှူးချုပ်သို့
ပေးဆောင်လျှင်သော်လည်းကောင်း၊ အခြားပဋိညာဉ်ခံချက် တစ်ခုခုနှင့် စပ်လျဉ်း၍ ပျက်ကွက်သည့်အတွက် နစ်နာမှုကို ပပျောက်စေရန်
အဆိုပါ ညွှန်ကြားရေးမှူးချုပ် ကျေနပ်လောက်အောင် ဆောင်ရွက်လျှင် လည်းကောင်း အငှားချထားသူက ဤစာချုပ်ပါ ပဋိညာဉ်
ခံချက်များအတိုင်း နှစ်ပေါင်းခြောက်ဆယ် ကာလအပိုင်းအခြား၏ ကျန်ရှိနေသေးသော ကာလအဖို့ အဆိုပါမြေကွက်နှင့် ပြန်လည်
သိမ်းယူသည့်အချိန်တွင် ထိုမြေကွက်ပေါ်၌တည်ရှိနေသော အဆောက်အအုံ၊ထို အဆောက်အအုံနှင့် အမြဲတွယ်ကပ်ထားသော ပစ္စည်းများကို
လက်ရှိ ထားနိုင်စေခြင်းငှာ အငှားစာချုပ်ရသူအား ပြန်လည်ပေးအပ်ရန်။ သို့ရာတွင် မီးကြောင့်သော်လည်းကောင်း၊ အခြား အကြောင်း
တစ်ခုခုကြောင့်သော်လည်းကောင်း ပျက်စီးရသည့် အဆောက်အအုံ သို့တည်းမဟုတ် ထိုအဆောက်အအုံနှင့် အမြဲတွယ်ကပ်ထားသော
ပစ္စည်းများကို ပြန်လည်ပေးအပ်ရန် အငှားချထားသူ၌ တာဝန်မရှိသည့်အပြင် ယင်းသို့ ပြန်လည်သိမ်းယူ သည့်အခါက
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရဆောက်လုပ်ရေးဝန်ကြီးဌာန၊မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ အမှုထမ်းများသို့တည်းမဟုတ်
ကိုယ်စားလှယ်များ၏ ဖျက်လိုဖျက်ဆီးပြုလုပ်မှုကြောင့် ဆုံးရှုံးပျက်စီးခြင်းအတွက်မှတစ်ပါး အဆိုပါမြေကွက် ပေါ်တွင် ဖြစ်စေ၊
အထဲတွင်ဖြစ်စေ တည်ရှိသော အဆောက်အအုံနှင့် အခြားပစ္စည်းများ၏ တန်ဖိုးယုတ်လျော့ခြင်း၊ ပြုပြင်မှုကင်းမဲ့ခြင်း၊ သို့တည်းမဟုတ်
ပျက်ဆီးယိုယွင်းခြင်းအတွက်ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရဆောက်လုပ်ရေးဝန်ကြီးဌာန၊မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၌
တာဝန်မရှိစေရန်။

(ခ) အပိုဒ် ၂-အရ၊ ဤစာချုပ်ကိုပယ်ဖျက်ပြီး မဟုတ်လျှင်လည်းကောင်း၊ အငှားစာချုပ်ရသူကနှစ်ပေါင်းခြောက်ဆယ်
ကာလအပိုင်းအခြား ကုန်ဆုံးသည်အထိ အဆိုပါမြေငှားခကိုပြေလည်အောင် ပေးဆောင်၍ ဤစာချုပ်ပါမိမိပြုလုပ်သည့် ပဋိညာဉ်ခံ
ချက်များအတိုင်း လိုက်နာဆောင်ရွက်လျှင်လည်းကောင်း အငှားစာချုပ်ရသူသည် အဆိုပါမြေကွက်ပေါ်တွင် တည်ဆောက်တွယ်ကပ်
ထားသောအဆောက်အအုံများ၊ ထိုအဆောက်အအုံများနှင့် အမြဲတွယ်ကပ်ထားသော ပစ္စည်းများကို အဆိုပါကာလအပိုင်းအခြားမကုန် မီ
ခြောက်လအတွင်း ဖျက်သိမ်းသယ်ယူ ခန့်ခွဲနိုင်သည်။ သို့ရာတွင် ထိုသို့ သယ်ယူခြင်းကြောင့် အဆိုပါမြေကွက်ပျက်စီးယိုယွင်းခဲ့ လျှင်
ထိုမြေကွက်ကိုမူလအခြေအနေအတိုင်းရှိအောင် ပြုပြင်ပေးရန်။

(ဂ) (၂၀၁၄)ခုနှစ်၊ ဒီဇင်ဘာ လ၊ (၁၄)ရက်နေ့မှစ၍ ပထမတဆယ့်ငါးနှစ် ကုန်ဆုံး
သည့် အခါ ဒုတိယတဆယ့်ငါးနှစ်အတွက် ရန်ကုန်စည်ပင်သာယာရေး မြေနည်းဥပဒေ ၂၄-အရ စည်းကြပ်သော သုံးလပတ်မြေငှားခကို
လည်းကောင်း၊ ဒုတိယတဆယ့်ငါးနှစ်ကုန်ဆုံးသည့်အခါ တတိယတဆယ့်ငါးနှစ်အတွက် အဆိုပါ နည်းဥပဒေ ၂၄-အရ စည်းကြပ်သော
သုံးလပတ်မြေငှားခကိုလည်းကောင်း၊ တတိယတဆယ့်ငါးနှစ်ကုန်ဆုံးသည့်အခါ စတုတ္ထတဆယ့် ငါးနှစ်အတွက် အဆိုပါနည်းဥပဒေ ၂၄-
အရ စည်းကြပ်သောသုံးလပတ်မြေငှားခကိုလည်းကောင်း အငှားစာချုပ်ရသူက အငှားချထားသူအား ပေးဆောင်ရန်။ အကယ်၍
အထက်ပါနည်းလမ်းအတိုင်း မြေငှားခကိုပြန်လည်စည်းကြပ်ခြင်းမပြုလျှင် အငှားစာချုပ်ရသူသည် ဤအပိုဒ်ခွဲတွင်ပြဋ္ဌာန်းထား
သည့်နည်းလမ်းအတိုင်း မြေငှားခကိုပြောင်းလဲခြင်းမပြုမီ သတ်မှတ်ထားသည့် စည်းကြပ်ဆဲသုံးလပတ်မြေငှားခကို ဆက်လက်ပေး
ဆောင်ရန်။

(ဃ) ဤစာချုပ်ပါအခြားပြဋ္ဌာန်းချက်များတွင် ဆန့်ကျင်လျက်မည်သို့ပင်ပါရှိစေကာမူ ဤစာချုပ် ချုပ်ဆိုသည့်နေ့မှစ၍
ပထမနှစ်ပေါင်းသုံးဆယ်အတွင်းသတ်မှတ်ထားသော သို့တည်းမဟုတ် ပြန်လည်စည်းကြပ်သောမြေငှားခကို ပြေလည်အောင် ပေး
ဆောင်ခဲ့သောကြောင့် လည်းကောင်း၊ ပြုလုပ်ထားသည့်ပဋိညာဉ်ခံချက်များကို မပျက်မကွက်လိုက်နာဆောင်ရွက်ခဲ့သောကြောင့်
လည်းကောင်း သတ်မှတ်ထားသော သို့တည်းမဟုတ် ပြန်လည်စည်းကြပ်သောသုံးလပတ် မြေငှားခဖြင့်နောက်ထပ် နှစ်ပေါင်း
သုံးဆယ်အတွက် ဆက်လက်၍ အဆိုပါမြေကွက်ကို ငှားရမ်း မြေငှားစာချုပ် အသစ် ချုပ်ဆိုရန် သဘောတူကြောင်း အဆိုပါ ပထမ
နှစ်ပေါင်းသုံးဆယ်မပြည့်မီ အနည်းဆုံးခြောက်လကြိုတင်၍ အငှားရသူက အငှားချထားသူအား စာဖြင့် အကြောင်းကြား
ရမည်။ အကြောင်းကြားစာနှင့်အတူ ပထမမြေငှားစာချုပ်ကိုပေးအပ်လျှင် ထိုအကြောင်းကြားစာရရှိသည့်နေ့မှခြောက်လ အတွင်းနောင်
နှစ်ပေါင်းသုံးဆယ်အတွက် ပထမမြေငှားစာချုပ်ပါ ပဋိညာဉ်ခံချက်များနှင့်ဖြစ်နိုင်သမျှ တူညီသည့် ပဋိညာဉ် ခံချက်များပါရှိသည့်
မြေငှားစာချုပ် အသစ်ကို အငှားစာချုပ်ရသူ၏ စရိတ်ဖြင့် အငှားချထားသူကထုတ်ပေးရန်။ အကယ်၍ မြေငှားခကို
သတ်မှတ်ခြင်းမရှိသေးလျှင် ပထမမြေငှားစာချုပ်အရ နောက်ဆုံးပေးဆောင်ခဲ့ရသော သုံးလပတ်မြေငှားခကို
အငှားစာချုပ်ရသူကပေးဆောင်ရန်။

ဤစာချုပ်ပါစကားရပ်များကိုသိရှိနားလည်ကြပြီးဖြစ်သဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးတို့ရှေ့တွင် ဦးစီးဌာနတံဆိပ်ကိုခပ်နှိပ်၍ အဆိုပါညွှန်ကြားရေးမှူးချုပ်နှင့်အဆိုပါ ဒေါ်ဖြူဖြူဝေ၊ ဒေါ်ခင်ဝေဝေ သည် ဤစာချုပ်ကိုအထက်၌ဖော်ပြခဲ့သည့်နေ့တွင် လက်မှတ် ရေးထိုးကြကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

မြို့ - ရန်ကုန်

တံဆိပ်ကို ညွှန်ကြားရေးမှူးချုပ် ဦးဘော်ကျော် တံဆိပ်

ညွှန်ကြားရေးမှူးချုပ်

ဒုတိယညွှန်ကြားရေးမှူးချုပ် **ဒေါ်လ်မူကြီး တင်ယွန်း**

ဒုတိယညွှန်ကြားရေးမှူးချုပ်

နှင့် ညွှန်ကြားရေးမှူး ကိုးတင်ဝင်း တို့

ရှေ့မှောက်၌ ခပ်နှိပ်၍ အဆိုပါ
ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်
ညွှန်ကြားရေးမှူးတို့လက်မှတ် ရေးထိုးသည်။

ညွှန်ကြားရေးမှူး

အသိသက်သေ။

ဒုတိယညွှန်ကြားရေးမှူး (မြေနှင့်အခွန်) ဦးကျော်ဝင်း

အငှားစာချုပ်ရသူ ဒေါ်ဖြူဖြူဝေ၊ ဒေါ်ခင်ဝေဝေ က
လက်မှတ်ရေးထိုးသည်။

အငှားစာချုပ်ရသူ

အသိသက်သေ။

၁။ မောင်လှိုင်သော်ဟိန်း (၁၃/ဘဂဝ(နိုင်)၁၂၀၅၇၀)

၂။

ဦးစိုးအာရုံ
ဦးစိုးအာရုံ

အထက်တွင် ရည်ညွှန်းထားသည့် မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ပိုင်မြေပုံဖြစ်သော လူနေရပ်ကွက်အမှတ် လှိုင်သာယာစက်မှုမြို့
မြေတိုင်းရပ်ကွက်အမှတ် ၁၀ပိုင်း - ၄
ရန်ကုန်မြို့ လှိုင်သာယာ မြို့နယ်။
အတွင်းရှိ ______ တန်းစား၊ မြေကွက်အမှတ် ၁၅၀
ဖြစ်သည်။ ပူးတွဲပါ မြေပုံ၌ မင်နီဖြင့် ပြထားသော အလျား ၄၂၃´ ၄၂၀´ ပေ၊ အနံ ၁၂၆´၆" ၁၂၆´ ပေခန့်ရှိသော အလား အလာ
အရှေ့လားသော် လမ်း
အနောက်လားသော် မြေကွက်အမှတ် - ၁၁၆
တောင်လားသော် မြေကွက်အမှတ် - ၁၄၉
မြောက်လားသော် မြေကွက်အမှတ် - ၁၅၁
အတွင်းရှိ မြေအားလုံး ဧရိယာ ၁.၂၃၄ ဧက၊ (စတုရန်းပေ ၅၃၇၄၁.၂၅)

1.234 ဧက

4/150

FORM XXVI

PARTICULARS OF DIRECTORS, MANAGERS AND MANAGING AGENTS AND OF ANY CHANGES THEREIN

(Myanmar Companies Act, See Section 87)

Name of Company : MYANMAR AYEYARWADDY MANUFACTURING COMPANY LIMITED

Presented by : DAW AYE KYWE (MANAGING DIRECTOR)

The present christian name or names of surnames	Nationality, National Registration Card No.	Usual Residential Address	Other Business Occupation	Changes
1. DAW AYE KYWE	MYANMAR 12/MA YA KA (NG)098299	NO.12,NYI NYUT YAY STREET 11TH MILE, MAYANGONE TOWNSHIP. YANGON.	MERCHANT	CHANGED FRON DIRECTOR TO MANAGING DIRECTOR w.e.f 12. 7.2004
2. DAW YU YU AYE	MYANMAR 12/U KA MA (NG) 099777	NO,537,1 STREET YUZANA BLOCK,NO 2 N/OKKALAPA YANGON.	MERCHANT	APPOINTED AS DIRECTOR w.e.f 12. 7.2004
3. DAW THI THI WIN	MYANMAR ~~WKEE~~12/THA GA KA (NG)068705	5,MOE MA KHA STREET,(46) WARD,NORTH DAGON MYOTHIT TOWNSHIP, YANGON.	MERCHANT	RESIGNED FROM MANAGING DIRECTOR w.e.f 12. 7.2004

NOTE : (1) A complete list of the Directors or Managers or Managing Agents shown as existing in the last particulars.

(2) A note of the changes since the last list should be made in the column for "Changes" by placing against the new Director's name the word "in place of .... and by writing against any former Director's name the word "dead" "resigned" or as the case may be giving the date of change against the entry.

Signature ....

DAW AYE KYWE

Designation ..MANAGING..DIRECTOR

Myanmar Ayeyarwaddy Mfg; Co.

Dated this ....

YANGON.

Witness U TUN LIN
12/U KA TA (NG)100641

Transferee DAW YU YU AYE(12/U KA

မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

ခွင့်ပြုမိန့်

...../ ၂၀၀၃ ။ ၂၀၀၃ ခုနှစ်၊ ဧပြီ လ ၂၆ ရက်။

ာ်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၀ အရ

ည် ဒေါ်သီသီဝင်း

ဦးပန်းဇိန်

ပုံတင်အမှတ် ၁၂/သဃက(နိုင်)၀၆၈၇၀၅

မိုး မလမ်း၊ (၄၆) ရပ်ကွက်

က်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့

ဖွဲ့စည်းမည့်အဖွဲ့အစည်း မြန်မာဧရာဝတီထုတ်လုပ်မှုကုမ္ပဏီ

Ayeyarwaddy Manufacturing Co., Ltd.)

နှံးအမျိုးအစား CMP စနစ်ဖြင့်အထည်ချုပ်လုပ်ငန်းလုပ်ငန်း

ဒေသ(များ) မြေကွက်အမှတ်(၉)၊ မြေတိုင်းရပ်ကွက်အမှတ်

ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း

၉.၆၄) သန်း (ကျပ်တစ်ဆယ့်ကိုးသန်းခြောက်သိန်းလေးသောင်း)

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

၉၇၀၃ / ၂၅/၄   3561 / 25/4

အကြောင်းအရာ။ ။ မြန်မာ့ဧရာဝတီထုတ်လုပ်မှုကုမ္ပဏီလီမိတက် (လုပ်ငန်းအဟောင်း) မှ CMP စနစ်ဖြင့်အထည်ချုပ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်းကိစ္စ။

၁။ မြန်မာကုမ္ပဏီဖြစ်သော မြန်မာ့ဧရာဝတီထုတ်လုပ်မှုကုမ္ပဏီလီမိတက် (Myanmar Ayeyarwaddy Manufacturing Co.,Ltd) မှ ဦးတင်ကြိုင်၊ ဒေါ်ညွန့်ကြည်တို့အမည်ဖြင့်အသုံးပြုခွင့်ရရှိထားသော ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ စဉ့်ငုရပ်ကွက်၊ မြေကွက်အမှတ် (၉)၊ မြေတိုင်းရပ်ကွက်အမှတ် (၄၀၀/ B) ရှိမြေဧရိယာ (၀.၄၆) ဧကအနက်မှ (၀.၃၁) ဧက (၁၂၅၄.၅၃ စတုရန်းမီတာ) နှင့်ယင်းမြေပေါ်ရှိအဆောက်အဦးကိုငှါးရမ်းဆောင်ရွက်လျက်ရှိသော CMP စနစ်ဖြင့်အထည်ချုပ်လုပ်ခြင်းလုပ်ငန်းကိုမြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီဆောင်ရွက်ခွင့်ပြုပါရန်အဆိုပြုတင်ပြချက်အား ၊ (၆-၂-၂၀၀၃) နေ့တွင်ကျင်းပပြုလုပ်သည့်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄/၂၀၀၃) ကြိမ်မြောက်အစည်းအဝေးသို့တင်ပြခဲ့ပါသည်။

၂။ ကော်မရှင်မှမူအားဖြင့်သဘောတူညီခဲ့ပြီး (၁၃-၃-၂၀၀၃) နေ့တွင်ကျင်းပသောကုန်သွယ်မှုမူဝါဒကောင်စီ၏ (၉/၂၀၀၃) ကြိမ်မြောက်အစည်းအဝေးသို့ဆက်လက်တင်ပြခဲ့ပါသည်။ အဆိုပါအစည်းအဝေးမှသဘောတူညီချက်အရအစိုးရအဖွဲ့သို့ဆက်လက်တင်ပြရန်ဆုံးဖြတ်ချက်နှင့်အညီ (၃-၄-၂၀၀၃) နေ့တွင်ကျင်းပပြုလုပ်သည့်ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ (၁၂/၂၀၀၃) ကြိမ်မြောက်အစည်းအဝေးသို့တင်ပြခဲ့ရာယင်းအစည်းအဝေးမှသဘောတူကြောင်းဆုံးဖြတ်ခဲ့ပါသည်။

အထွေထွေ အရပ်ရပ် – ၁၆

(ရုံးထွင်း စာအကျဉ်းချုပ် (သို့မဟုတ်) စာကြမ်းရေးရန်)

၃။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း (၅) ပုဒ်မ ၁၀ နှင့် ယင်းဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း (၄) အပိုဒ် (၁၂) တို့နှင့်အညီ မြန်မာ့ဧရာဝတီထုတ်လုပ်မှုကုမ္ပဏီလီမိတက် ၊ (Myanmar Ayeyarwaddy Manufacturing Co.,Ltd.) သို့ထုတ်ပေးမည့်ခွင့်ပြုမိန့်နှင့်အမိန့်ကြော်ငြာစာတွင်လက်မှတ်ရေးထိုးနိုင်ပါရန်ပြုစုတင်ပြအပ်ပါသည်။

-၄-၂၀၀၃။

ဥက္ကဋ္ဌ

ပြည်ထောင်စု မြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

စာအမှတ်၊ ရက-၁/မ-၁၃၆၅/၂၀၀၂ (၆၃၇၆-၈)။
ရက်စွဲ၊ ၂၀၀၃ ခုနှစ်၊ မတ်လ ၂၅ ရက်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့ သို့ တင်ပြသည့်

အမှာစာ

အကြောင်းအရာ။ မြန်မာဧရာဝတီ ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် (လုပ်ငန်းအဟောင်း) မှ CMP စနစ်ဖြင့် အထည်ချုပ် လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ရန် အဆိုပြုတင်ပြခြင်း ကိစ္စ။

၁။ မြန်မာကုမ္ပဏီဖြစ်သော မြန်မာဧရာဝတီထုတ်လုပ်မှု ကုမ္ပဏီလီမိတက် (Myanmar Ayeyarwaddy Manufacturing Co., Ltd.) မှ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း လုပ်ငန်းကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့် ရရှိရေးအတွက် CMP လက်ခစားလုပ်ငန်းများ စိစစ်ရေးကော်မတီမှ စိစစ်ထောက်ခံ တင်ပြလာပါသည်။ ယင်းအဆိုပြုချက်ကို (၆-၂-၂၀၀၃) နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၄/၂၀၀၃) အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။ ယင်းအစည်းအဝေးမှ လုပ်ငန်းဆောင်ရွက်ရန် မူအားဖြင့် သဘောတူပြီး၊ ကုန်သွယ်မှု မူဝါဒ ကောင်စီသို့ ဆက်လက်တင်ပြရန် ဆုံးဖြတ်ချက်အရ (၁၃-၃-၂၀၀၃)နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ကုန်သွယ်မှု မူဝါဒ ကောင်စီ၏ (၉/၂၀၀၃) အစည်းအဝေး သို့ တင်ပြခဲ့ပါသည်။ ယင်းအစည်းအဝေးမှ မူအားဖြင့်သဘောတူပြီး အစိုးရအဖွဲ့သို့ ဆက်လက် တင်ပြရန် ဆုံးဖြတ်ချက်အရ တင်ပြခြင်း ဖြစ်ပါသည်။ အဆိုပြုချက်ကို နောက်ဆက်တွဲ(၁) အဖြစ် ပေးပို့ ထားပါသည်။

၂။ လုပ်ငန်း၏ မတည်ငွေရင်း ပမာဏမှာ စုစုပေါင်း ကျပ် (၁၉.၆၄)သန်းဖြစ်ပါသည်။ စက်ပစ္စည်းများကို ပြည်တွင်းမှဝယ်ယူအသုံးပြုထားကြောင်းတင်ပြထားပါသည်။

၃။ ယင်းလုပ်ငန်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီထံမှ ဦးတင်ကြိုင်၊ ဒေါ်ညွန့်ကြည် တို့ အမည်ဖြင့် အသုံးပြုခွင့်ရရှိထားသော မြေတိုင်းရပ်ကွက် အမှတ် (၄၀၀/B)၊ မြေကွက်အမှတ်(၉)၊ စဥ့်ဂူ ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းရှိ မြေဧရိယာ(၀.၄၆)ဧက အနက်မှ(၀.၃၁)ဧက (၁၂၅၄.၅၃ စတုရန်းမီတာ) နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦကို ငှါးရမ်း၍ လုပ်ငန်း ဆောင်ရွက်လျက်ရှိပါသည်။

၄။ လုပ်ငန်းမှ ထုတ်လုပ်မှု၏ (၉၉) ရာခိုင်နှုန်းကို CMP စနစ်အရ ပြည်ပသို့ တင်ပို့မည်ဖြစ်ပြီး၊ ကျန် ပယ်ထည် Reject (၁) ရာခိုင်နှုန်းအား ပြည်တွင်းတွင် ရောင်းချမည် ဖြစ်ပါသည်။ ပုံမှန်နှစ်ရှိ ထုတ်လုပ်မှု

များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	အမျိုးအမည်	ထုတ်လုပ်မှု (ဒါဇင်)
၁။	Jacket	၂၅၀၀၀
၂။	Trouser	၂၅၀၀၀
၃။	Other (Vest, Panty....etc)	၃၀၀၀၀

၅။ လုပ်ငန်း၏ အရင်းကြေကာလမှာ (၄)နှစ်နှင့် (၇)လဖြစ်ပြီး၊ အရင်းအနှီးအပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR) မှာ (၂၃.၄၃)ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ လုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဝင်ငွေခွန်
ကျပ် ၀.၇၉ သန်း
အမေရိကန်ဒေါ်လာ ၀.၀၉ သန်း

(ခ) ကုန်သွယ်လုပ်ငန်းခွန်
ကျပ် ၁.၁၈ သန်း

၇။ လုပ်ငန်းကို ပြည်တွင်းမှ ဝန်ထမ်း(၃၃၀)ဦး နှင့် ပြည်ပမှ ဝန်ထမ်း(၂)ဦး ခန့်ထား ဆောင်ရွက်မည် ဖြစ်ပါသည်။

၈။ ယင်းလုပ်ငန်းအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ သဘောထား မှတ်ချက်တောင်းခံခဲ့ရာ မြန်မာ့လျှပ်စစ်ဓါတ်အား လုပ်ငန်းမှ ဓါတ်အားဆက်လက်ပေးနိုင်ပါကြောင်း ပြန်ကြားလာပါသည်။

၉။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ သဘောထားမှတ်ချက် တောင်းခံခဲ့ရာ အားပတ်ဝန်းကျင်မှ ကန့်ကွက်ရန် မရှိကြောင်း သက်ဆိုင်ရာ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ထောက်ခံထားခြင်းတို့ကြောင့် ဆက်လက်ဆောင်ရွက်ခွင့်ပြုသင့်ပါကြောင်း အကြောင်းပြန်ကြားလာပါသည်။

၁၀။ ယင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ပိုင်ဆိုင်မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ CMP ချုပ်ခ ရငွေများနှင့် ပတ်သက်၍ လမ်းညွှန်ချက်နှင့်အညီ လိုက်နာ ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိများပြုထားပါသည်။

၁၁။ ကုမ္ပဏီ မှ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် လျှောက်ထားလာပါသည်။

၁၂။ ဆုံးဖြတ်ရန်အချက်။

(က) မြန်မာရော့ဝေဒီ ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် မှ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်းကို ခွင့်ပြုရန် သဘောတူ-မတူ။

(ခ) လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် သဘောတူပါက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် သဘောတူ-မတူ။

(ဂ) မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ အရ စီးပွားဖြစ်လုပ်ငန်း စတင်သောနှစ် အပါအဝင် တစ်ဆက်တည်း (၃)နှစ်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပေးရာတွင် CMP လက်ခစား လုပ်ငန်းများ စိစစ်ရေးကော်မတီမှ ထောက်ခံတင်ပြသည့် အလားတူ CMP လုပ်ငန်း ဟောင်းများ နည်းတူ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် မှ တရားဝင် ခွင့်ပြုမိန့် ထုတ်ပေးသည့်နေ့မှ စ၍ ခံစား ခွင့်ပြုရန် သဘောတူ-မတူ။

၁၃။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏ ထောက်ခံချက်။

အစိုးရအဖွဲ့ ၏ ဆုံးဖြတ်ချက်ကို နာခံပါမည်။

(ဦးသောင်း)
ဥက္ကဋ္ဌ
ဝန်ကြီး၊ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

စာအမှတ်၊ ၃၀ /အသပ(ထ)ရင်းနှီးမြှုပ်နှံမှု/၂၀၀၃။
ရက်စွဲ ၊ ၂၀၀၃ခုနှစ်၊ ဇန်နဝါရီလ(၂)ရက်။

အကြောင်းအရာ။ ။ သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ။

ရည်ညွှန်းချက် ။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၃၁-၁၂-၂၀၀၂ ရက်စွဲပါ စာအမှတ် ရက-၁-မ/သဘောထား/၂၀၀၂(၄၀၃၉)။

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ လုပ်ငန်းဆောင်ရွက်ခွင့် အဆိုပြုလွှာများနှင့် ပတ်သက်၍ ရည်ညွှန်းစာဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏သဘောထားမှတ်ချက် တောင်းခံလာပါ သည်။

၂။ နောက်ဆက်တွဲပါ(၄)ဦးမှာ လုပ်ငန်းသစ်များမဟုတ်ဘဲ တည်ဆောက်ပြီးလည်ပတ်နေသော စက်ရုံများဖြစ်၍ လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲလျှက်ရှိပါသည်။ ဆက်လက်ဓာတ်အားပေးနိုင်ပါကြောင်း ပြန်ကြား အစီရင်ခံအပ်ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ဦးဆောင်ညွှန်ကြားရေးမှူး( )
(ဒေါက်တာစန်းဦး-အင်ဂျင်နီယာချုပ်)

လိပ်စာ
၁၉၇ - ၁၉၉၊ ကြည့်မြင်တိုင်အောက်လမ်း၊
အလုံစာတိုက်၊ ရန်ကုန်မြို့။
ကြေးနန်း
လျှပ်စစ်အဖွဲ့
တယ်လီဖုန်း
၂၂၂၈၆၆

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေအရ လုပ်ငန်းဆောင်ရွက်ခွင့် တင်ပြလာသည့် အဆိုပြုချက်များ

စဉ်	ကုမ္ပဏီအမည်နှင့် အဆိုပြုသူအမည်	လုပ်ငန်းအမျိုးအစား	ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ	လျှပ်စစ်ဓာတ်အား လိုအပ်ချက်	လျှပ်စစ်ဓာတ်အားလက်ရှိသုံးစွဲနေမှု	မှတ်ချက်
၁။	မြန်မာဗွီတီ ကုမ္ပဏီလီမိတက် ဦးအောင်ကျော်သန်း	CMPစနစ်ဖြင့်အထည်ချုပ် လုပ်ငန်း	ရန်ကုန်မြို့၊ ရွှေပြည်သာစက်မှုဇုန် (၁) မြေတိုင်းရပ်ကွက် အမှတ် ၄၂/မြေကွက် အမှတ် ၁၀၃၊ ကနောင်မင်းသားကြီးလမ်း၊	၇၄၀၀၀ ကီလိုဝပ် (မဖြစ်နိုင်ပါ။) ၄၀၀ KVA	၃ သွင် ၄ ကြိုး (၅၀/၁၀၀) အင်ပီယာ (မီတာအမှတ်-XN- 11925) ဖြင့် မြင်းကောင်ရေ (၁၀) ကောင်ကို သုံးစွဲခွင့်ပြုထားပါသည်။	ဓာတ်အားဆက်လက်ပေးနိုင်ပါသည်။
၂။	မြန်မာရောဝတီထုတ်လုပ်မှု ကုမ္ပဏီလီမိတက် ဒေါ်သင်းသင်းဝင်း	CMPစနစ်ဖြင့်အထည်ချုပ် လုပ်ငန်း	ရန်ကုန်မြို့၊ အင်းစိန်မြို့နယ် အမှတ် (၉၁၂) အောက်မင်္ဂလာဒုံလမ်း၊	၂၅၀ ကီလိုဝပ်	၃ သွင် ၄ ကြိုး (၃၀/၁၀၀) အင်ပီယာ (မီတာအမှတ်-XN- 14675) ဖြင့် မြင်းကောင်ရေ (၄၀) ကောင်ကို သုံးစွဲခွင့်ပြုထားပါသည်။	ဓာတ်အားဆက်လက်ပေးနိုင်ပါသည်။
၃။	နီလာဝင်းကုမ္ပဏီလီမိတက် ဦးဇော်လင်းလတ်	CMPစနစ်ဖြင့်အထည်ချုပ် လုပ်ငန်း	ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံစက်မှုဇုန် အမှတ် ၂၂၇/၂၂၈ ဗိုလ်တေဇလမ်း၊	၃၀၀ ကီလိုဝပ်	၃ သွင် ၄ ကြိုး (၅၀/၁၀၀) အင်ပီယာ မြင်းကောင်ရေ (၄၀) ကောင်ကို သုံးစွဲခွင့်ပြုထားပါသည်။	ဓာတ်အားဆက်လက်ပေးနိုင်ပါသည်။
၄။	ဗွတ်ဒ်ဝဲယားမင်န်ယူဖက်ချားရင်း လီမိတက် ဦးကျောက်ယိနိမ့်	CMPစနစ်ဖြင့်အထည်ချုပ် လုပ်ငန်း	ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ် ၃၇/၃၈ (က) (၈)ရပ်ကွက်၊ ကြိုးစက်ရုံလမ်း		၃ သွင် ၄ ကြိုး (၁၅၀/၅၀) အင်ပီယာ (မီတာအမှတ်-XN- 9927) ဖြင့် မြင်းကောင်ရေ (၅၀) ကောင်ကို သုံးစွဲခွင့်ပြုထားပါသည်။	ဓာတ်အားဆက်လက်ပေးနိုင်ပါသည်။

၁၄ - ၂၂ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
နိုင်ငံခြားဆက်ဆံရေးနှင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖွဲ့

စာအမှတ်၊ ၂၃၃၀/နဆရ/စည်ပင်-ယာ/အုံ(စစ်)
ရက်စွဲ ၊ ၂၀၀၂ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ ။ သဘောထားမှတ်ချက်တောင်းခံခြင်း

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ... ၂၀၀၂ ရက်စွဲပါစာအမှတ်၊ ရက-၁/ CMP/ ၂၀၀၂ (၃၄၆၆-ခ)

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ... CMP စနစ်ဖြင့် အထည်ချုပ်လုပ်ငန်း ဆောင်ရွက်လျက်ရှိသော မြန်မာဇကာကောီထုတ်လုပ်မှုကုမ္ပဏီလီမိတက်၏ လုပ်ငန်းတည်နေရာနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်**လူနေအိမ်များမှ ကန့်ကွက်ထားမှုရှိ မရှိနှင့် ပတ်ဝန်းကျင်အခြေအနေအား** ကော်မရှင်အစည်းအဝေးသို့ တင်ပြနိုင်ရေးအတွက် စက်ရုံ တည်နေရာပြပုံစံနှင့်အတူ သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရည်ညွှန်းချက်ပါစာဖြင့် ဤကော်မတီသို့ ညှိနှိုင်းမေတ္တာရပ်ခံခဲ့ပါသည်။

၂။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ မေတ္တာရပ်ခံချက်အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ အဖွဲ့ဖြင့် အဆိုပါလုပ်ငန်းဆောင်ရွက်နေသည့် နေရာသို့ ... -၁၀၀၂ ရက်နေ့တွင် ကွင်းဆင်းစစ်ဆေး ခဲ့ပါသည်။ ယင်းကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ... ပတ်ဝန်းကျင်အခြေအနေ စစ်ဆေးတွေ့ရှိချက်များအား အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) **စစ်ဆေးတွေ့ရှိချက်။** မြန်မာဇကာ ... ကုမ္ပဏီလီမိတက်သည် အင်းစိန်မြို့နယ်၊ ... ရပ်ကွက်၊ အောက်... CMP စနစ်ဖြင့် အထည်ချုပ် လုပ်ငန်းကို သုံ့ပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ... မြေအကျယ်အဝန်းမှာ(၂၀၀ပေ × ၅၆ပေ)နှင့်(၄၀ပေ × ၆၀ပေ) ရှိပါသည်။ အဆိုပါမြေပေါ်တွင် (၁၉၄ပေ × ၄၀ပေ)ရှိ RC အဆောက်အအုံနှင့် (၉၃ပေ × ၆၂ပေ)ရှိ ပျဉ်ထောင် ... အဆောက်အအုံများရှိပါသည်။ ယင်းမြေနှင့် အဆောက်အအုံကို ပိုင်ရှင်ဖြစ်သူ ဦးမျိုးမြင့်ထံမှ (၅)နှစ်စာချုပ်ဖြင့် ... ၂၀၁၀ ရက်ခနေ့မှစတင်၍ ငှားရမ်းပြီး လုပ်ငန်း

ဆောင်ရွက် နေခြင်းဖြစ်ပါသည်။ စက်ရုံ [illegible] အမှတ်(၂)စက်မှုလက်မှုလုပ်ငန်းစက်ရုံနှင့် ဘားအန်းပတ်ဝန်းကျင် [illegible] စက်ရုံတို့ တည်ရှိပါသည်။ စက်ရုံပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်မှုရှိ [illegible] ဓာတ်ပုံစံကို နောက်ဆက်တွဲ(က) ဖြင့်ပူးတွဲတင်ပြထားပါသည်။ ယင်းက [illegible] ဒါရိုက်တာမှာ ဒေါ်သီသီဝင်းဖြစ်ပြီး အလုပ်သမား ဦးရေ(၃၆၀)ဦး၊ စက်အလုံး (၁၄၆)လုံး [illegible]/အမျိုးသမီးဝတ်ဂျာကင်၊ ဘောင်းဘီ၊ ရှည်နှင့် ကလေးဝတ်အင်္ကျီအထည်များ ထုတ်လုပ် [illegible] ရှိရာ တစ်လလျှင် အထည်မျိုးစုံဒါဇင် ([illegible])ခန့် ထုတ်လုပ် [illegible] သိရှိရပါသည်။ လုပ်ငန်းလုပ်ကိုင်နေသော နေရာမှာ လူနေ [illegible] ရပ်ကွက်အတွင်း ဖြစ်သော်လည်း ပတ်ဝန်းကျင် [illegible] ကန့်ကွက်မှုတစ်စုံတစ်ရာမရှိကြောင်း လက်မှတ်ရေးထိုးထားခြင်းနှင့် သက်ဆိုင်ရာရပ်ကွက် [illegible] ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ [illegible] နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ မြန်မာ ဧရာဝတီ အထည်ချုပ်စက်ရုံအား ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံတင်ပြထားပါသည်။

(ခ) သုံးသပ်ချက်။ မြန်မာဧရာဝတီ [illegible] လီမိတက်၏ အထည်ချုပ်လုပ်ငန်းသည် လူနေရပ်ကွက်အတွင်း တည်ရှိနေသော်လည်း [illegible] တည်းက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဖြစ်ခြင်း၊ ပတ်ဝန်းကျင်အား ညစ်ညမ်းမှုမရှိခြင်း၊ အနှောင့်အယှက်မရှိခြင်း၊ ဘားပတ်ဝန်းကျင်တွင် အခြားစက်ရုံများ တည်ရှိနေခြင်း၊ ပတ်ဝန်းကျင်မှလည်း တစ်စုံတစ်ရာ ကန့်ကွက်မှုမရှိသည့်အပြင် သက်ဆိုင်ရာရပ်ကွက် [illegible] နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ကန့်ကွက်မှုမရှိကြောင်း [illegible] တင်ပြထား [illegible] ကြောင့် ယင်းအထည်ချုပ် လုပ်ငန်းအား ဆက်လက်ဆောင်ရွက်ခွင့်ပြုသင့်ပါကြောင်း သုံးသပ်ရရှိပါသည်။

၃။ [illegible] မြန်မာနိုင်ငံ [illegible] ကော်မရှင်၏ ခွင့်ပြု [illegible] မဟုတ်ဘဲ၊ CMP စနစ်ဖြင့် မြန်မာ ဧရာဝတီ [illegible] လီမိတက်မှ ဆောင်ရွက်လျက် [illegible] သော အထည် [illegible] လုပ်ငန်း၏ တည်နေရာ၊ ပတ်ဝန်းကျင် အခြေအနေ၊ [illegible] သုံးသပ်ချက်များကို သိ [illegible] ရန် တင်ပြအပ်ပါသည်။

(ကြ ၆)

မိတ္တူကို

[illegible]

[illegible]

ပြည်ထောင်စု မြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

စာအမှတ်၊ ရက-၁/မ-၁၃၆၅/ ၂၀၀၂ (၄၉၃၂-၈)။
ရက်စွဲ၊ ၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်။

ကုန်သွယ်မှု မူဝါဒ ကောင်စီ သို့ တင်ပြသည့်
အမှာစာ

အကြောင်းအရာ။ မြန်မာဧရာဝတီ ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် မှ CMP စနစ်ဖြင့် အထည်ချုပ် လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ရန် အဆိုပြုတင်ပြခြင်း ကိစ္စ။

၁။ မြန်မာကုမ္ပဏီဖြစ်သော မြန်မာဧရာဝတီထုတ်လုပ်မှု ကုမ္ပဏီလီမိတက် (Myanmar Ayeyarwaddy Manufacturing Co., Ltd.) မှ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း လုပ်ငန်းကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့် ရရှိရေးအတွက် CMP လက်ခစားလုပ်ငန်းများ စိစစ်ရေးကော်မတီမှ စိစစ်ထောက်ခံ တင်ပြလာပါသည်။ ယင်းအဆိုပြုချက်ကို (၆-၂-၂၀၀၃) နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၄/၂၀၀၃) အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။ ယင်းအစည်းအဝေးမှ လုပ်ငန်းဆောင်ရွက်ရန် မူအားဖြင့် သဘောတူပြီး၊ ကုန်သွယ်မှု မူဝါဒ ကောင်စီသို့ ဆက်လက်တင်ပြရန် ဆုံးဖြတ်ချက်အရ တင်ပြခြင်းဖြစ်ပါသည်။ အဆိုပြုချက်ကို နောက်ဆက်တွဲ(၁) အဖြစ် တင်ပြထားပါသည်။

၂။ လုပ်ငန်း၏ မတည်ငွေရင်း ပမာဏမှာ စုစုပေါင်း ကျပ် (၁၉.၆၄)သန်းဖြစ်ပါသည်။ ယင်းတွင် စက်ပစ္စည်းကိရိယာ တန်ဖိုး ကျပ် (၁၉.၁၆)သန်း နှင့် ပရိဘောဂနှင့် လုပ်ငန်းသုံးပစ္စည်း တန်ဖိုး ကျပ် (၀.၄၈)သန်း ထည့်ဝင်ရင်းနှီးထားပါသည်။ စက်ပစ္စည်းများကို ပြည်တွင်းမှဝယ်ယူအသုံးပြုထားကြောင်းတင်ပြထားပါသည်။

၃။ ယင်းလုပ်ငန်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီထံမှ ဦးတင်ကြိုင်၊ ဒေါ်ညွန့်ကြည် တို့ အမည်ဖြင့် အသုံးပြုခွင့်ရရှိထားသော မြေတိုင်းရပ်ကွက် အမှတ် (၄၀၀/B)၊ မြေကွက်အမှတ်(၉)၊ စဥ့်ဌ ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းရှိ မြေဧရိယာ(၀.၄၆)ဧက အနက်မှ(၀.၃၁)ဧက (၁၂၅၄.၅၃ စတုရန်းမီတာ) နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦကို ငှါးရမ်း၍ လုပ်ငန်း ဆောင်ရွက်လျက်ရှိပါသည်။

၄။ လုပ်ငန်းမှ ထုတ်လုပ်မှု၏ (၉၉) ရာခိုင်နှုန်းကို CMP စနစ်အရ ပြည်ပသို့ တင်ပို့မည်ဖြစ်ပြီး၊ ကျန် ပယ်ထည် Reject (၁) ရာခိုင်နှုန်းအား ပြည်တွင်းတွင် ရောင်းချမည် ဖြစ်ပါသည်။ ပုံမှန်နှစ်ရှိ ထုတ်လုပ်မှု နှင့်

ရောင်းဈေးနှုန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

စဉ်	အမျိုးအမည်	ထုတ်လုပ်မှု (ဒါဇင်)	CMP ချုပ်ခ (US$/Doz)	ပြည်တွင်းရောင်း (ကျပ်/ဒါဇင်)
၁။	Jacket	၂၅၀၀၀	၁၃.၅	၂၃၀၀၀
၂။	Trouser	၂၅၀၀၀	၈.၀	၁၄၄၀၀
၃။	Other (Vest, Panty....etc)	၃၀၀၀၀	၃.၆	၆၀၀၀

၅။ လုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့်ပုံမှန်နှစ်တွင် ရရှိမည့်ဝင်ငွေနှင့် အသုံးစရိတ်ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(ကျပ်သန်း)

		ပြည်တွင်း	နိုင်ငံခြား	စုစုပေါင်း
(က)	ဝင်ငွေ	၁၁.၇၅	၃.၈၃	၁၅.၅၈
(ခ)	အသုံးစရိတ်	၉.၉၀	၀.၈၄	၁၀.၇၄
(ဂ)	အသားတင်အမြတ်	၁.၈၅	၂.၉၉	၄.၈၄

၆။ လုပ်ငန်း၏ အရင်းကြေကာလမှာ (၄)နှစ်နှင့် (၇)လဖြစ်ပြီး၊ အရင်းအနှီးအပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR) မှာ (၂၃.၄၃)ရာခိုင်နှုန်း ဖြစ်ပါသည်။

၇။ လုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) ဝင်ငွေခွန်
ကျပ် ၀.၇၉ သန်း
အမေရိကန်ဒေါ်လာ ၀.၀၉ သန်း

(ခ) ကုန်သွယ်လုပ်ငန်းခွန်
ကျပ် ၁.၁၈ သန်း

၈။ လုပ်ငန်းကို ပြည်တွင်းမှ ဝန်ထမ်း(၃၃၀)ဦး နှင့် ပြည်ပမှ ဝန်ထမ်း(၂)ဦး ခန့်ထား ဆောင်ရွက်မည် ဖြစ်ပါသည်။

၉။ ယင်းလုပ်ငန်းအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ သဘောထား မှတ်ချက်တောင်းခံခဲ့ရာ မြန်မာ့လျှပ်စစ်ဓါတ်အား လုပ်ငန်းမှ ဓါတ်အားဆက်လက်ပေးနိုင်ပါကြောင်း ပြန်ကြားလာပါသည်။

၁၀။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ သဘောထားမှတ်ချက် တောင်းခံခဲ့ရာ ဘေးပတ်ဝန်းကျင်မှ ကန့်ကွက်ရန် မရှိကြောင်း၊ သက်ဆိုင်ရာ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ထောက်ခံထားခြင်းတို့ကြောင့် ဆက်လက်ဆောင်ရွက်ခွင့်ပြုသင့်ပါကြောင်း အကြောင်းပြန်ကြားလာပါသည်။

ကုမ္ပဏီ ဒါရိုက်တာနှင့် အစုရှင်များ၏ နေရပ်လိပ်စာ စာရင်း

စဉ်	ကုမ္ပဏီအမည်	ဒါရိုက်တာ/အစုရှင်များ၏ အမည်	ဒါရိုက်တာ/အစုရှင်များ၏ လိပ်စာ
၁။	မြန်မာဧရာဝတီ ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် (Myanmar Ayeyarwaddy Manufacturing Co., Ltd.)	၁။ ဒေါ်သီသီဝင်း (အုပ်ချုပ်မှုဒါရိုက်တာ)	အမှတ် (၅)၊ မိုးမခလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
		၂။ ဒေါ်အေးကြွယ် (ဒါရိုက်တာ)	အမှတ် (၁၂)၊ ညီညွတ်ရေးလမ်း၊ (၁၁)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

စာအမှတ်၊ ၃၀ /အသဖ(ထ)ရင်းနှီးမြှုပ်နှံမှု/၂၀၀၃။
ရက်စွဲ ၊ ၂၀၀၃ခုနှစ်၊ ဇန်နဝါရီလ( )ရက်။

အကြောင်းအရာ။ ။ သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ။

ရည်ညွှန်းချက် ။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၃၁-၁၂-၂၀၀၂ ရက်စွဲပါ စာအမှတ် ရက-၁-မ/သဘောထား/၂၀၀၂(၄၀၃၉)။

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ လုပ်ငန်းဆောင်ရွက်ခွင့် အဆိုပြုလွှာများနှင့် ပတ်သက်၍ ရည်ညွှန်းစာဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏သဘောထားမှတ်ချက် တောင်းခံလာပါ သည်။

၂။ နောက်ဆက်တွဲပါ(၄)ဦးမှာ လုပ်ငန်းသစ်များမဟုတ်ဘဲ တည်ဆောက်ပြီးလည်ပတ်နေသော စက်ရုံများဖြစ်၍ လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲလျက်ရှိပါသည်။ ဆက်လက်ဓာတ်အားပေးနိုင်ပါကြောင်း ပြန်ကြားအစီရင်ခံအပ်ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ဦးဆောင်ညွှန်ကြားရေးမှူး( )
(ဒေါက်တာစန်းဦး-အင်ဂျင်နီယာချုပ်)

လိပ်စာ
၁၉၇ - ၁၉၉၊ ကြည့်မြင်တိုင်အောက်လမ်း၊
အလုံစာတိုက်၊ ရန်ကုန်မြို့။

ကြေးနန်း
လျှပ်စစ်အဖွဲ့

တယ်လီဖုန်း
၂၂၂၈၆၆

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေအရ လုပ်ငန်းဆောင်ရွက်ခွင့် တင်ပြလာသည့် အဆိုပြုချက်များ

စဉ်	ကုမ္ပဏီအမည်နှင့် အဆိုပြုသူအမည်	လုပ်ငန်းအမျိုးအစား	ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ	လျှပ်စစ်ဓာတ်အား လိုအပ်ချက်	လျှပ်စစ်ဓာတ်အားလက်ရှိသုံးစွဲနေမှု	မှတ်ချက်
၁။	မြန်မာဗွီတီ ကုမ္ပဏီလီမိတက် ဦးအောင်ကျော်သန်း	CMPစနစ်ဖြင့်အထည်ချုပ် လုပ်ငန်း	ရန်ကုန်မြို့၊ ရွှေပြည်သာစက်မှုဇုန် (၁) မြေတိုင်းရပ်ကွက် အမှတ် ၄၂/မြေကွက် အမှတ် ၁၀၃၊ ကနောင်မင်းသားကြီးလမ်း၊	၇၄၀၀၀ ကီလိုဝပ် (မဖြစ်နိုင်ပါ။) ၄၀၀ KVA	၃ သွင် ၄ ကြိုး (၅၀/၁၀၀) အင်ပီယာ (မီတာအမှတ်-XN- 11925) ဖြင့် မြင်းကောင်ရေ (၁၀) ကောင်ကို သုံးစွဲခွင့်ပြုထားပါသည်။	ဓာတ်အားဆက်လက်ပေးနိုင်ပါသည်။
၂။	မြန်မာရောဝတီထုတ်လုပ်မှု ကုမ္ပဏီလီမိတက် ဒေါ်သင်းသင်းဝင်း	CMPစနစ်ဖြင့်အထည်ချုပ် လုပ်ငန်း	ရန်ကုန်မြို့၊ အင်းစိန်မြို့နယ် အမှတ် (၉၁၂) အောက်မင်္ဂလာဒုံလမ်း။	၂၅၀ ကီလိုဝပ်	၃ သွင် ၄ ကြိုး (၃၀/၁၀၀) အင်ပီယာ (မီတာအမှတ်-XN- 14675) ဖြင့် မြင်းကောင်ရေ (၄၀) ကောင်ကို သုံးစွဲခွင့်ပြုထားပါသည်။	ဓာတ်အားဆက်လက်ပေးနိုင်ပါသည်။
၃။	နီလာဝင်းကုမ္ပဏီလီမိတက် ဦးဇော်လင်းလတ်	CMPစနစ်ဖြင့်အထည်ချုပ် လုပ်ငန်း	ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံစက်မှုဇုန် အမှတ် ၂၂၇/၂၂၈ ဗိုလ်တေဇလမ်း။	၃၀၀ ကီလိုဝပ်	၃ သွင် ၄ ကြိုး (၅၀/၁၀၀) အင်ပီယာ မြင်းကောင်ရေ (၄၀) ကောင်ကို သုံးစွဲခွင့်ပြုထားပါသည်။	ဓာတ်အားဆက်လက်ပေးနိုင်ပါသည်။
၄။	ဌတ်ဒ်ဝဲယားမင်နယူဖက်ချားရင်း လီမိတက် ဦးကျောက်ယိနိမ့်	CMPစနစ်ဖြင့်အထည်ချုပ် လုပ်ငန်း	ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ် ၃၇/၃၈ (က) (၈)ရပ်ကွက်၊ ကြို့းစက်ရုံလမ်း		၃ သွင် ၄ ကြိုး (၁၅၀/၅၀) အင်ပီယာ (မီတာအမှတ်-XN- 9927) ဖြင့် မြင်းကောင်ရေ (၅၀) ကောင်ကို သုံးစွဲခွင့်ပြုထားပါသည်။	ဓာတ်အားဆက်လက်ပေးနိုင်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
နိုင်ငံခြားဆက်ဆံရေးနှင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖွဲ့

စာအမှတ်၊ ၂၃၃၀/နဆရ/စည်ပင်-ယာ/အုံ(စစ်)
ရက် စွဲ ၊ ၂၀၀၂ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်

သို့

ဉက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ <u>သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ</u>

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၈-၁၁-၂၀၀၂ ရက်စွဲပါစာအမှတ်၊ ရက-၁/ CMP/ ၂၀၀၂ (၃၄၆၆-ခ)

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့်မဟုတ်ဘဲ၊ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ငန်းဆောင်ရွက်လျက်ရှိသော မြန်မာဧရာဂတီထုတ်လုပ်မှုကုမ္ပဏီလီမိတက်၏ လုပ်ငန်းတည်နေရာနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်[illegible]အခြေအနေအား ကော်မရှင်အစည်းအဝေးသို့ တင်ပြနိုင်ရေးအတွက် စက်ရုံ တည်နေရာပြပုံစံနှင့်အတူ သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရည်ညွှန်းချက်ပါစာဖြင့် ဤကော်မတီသို့ ညှိနှိုင်းမေတ္တာရပ်ခံခဲ့ပါသည်။

၂။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ မေတ္တာရပ်ခံမှုအရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အဖွဲ့ဖြင့် အဆိုပါလုပ်ငန်းဆောင်ရွက်နေသည့် နေရာသို့ ၂၆-၁၁-၂၀၀၂ ရက်နေ့တွင် ကွင်းဆင်း စစ်ဆေးခဲ့ပါသည်။ ယင်းကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်ဝန်းကျင်အခြေအနေ စစ်ဆေးတွေ့ရှိချက်များအား အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) **စစ်ဆေးတွေ့ရှိချက်။** မြန်မာဧရာဝတီထုတ်လုပ်မှုကုမ္ပဏီလီမိတက်သည် အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်း၊ အမှတ်(၅၁၂)တွင် CMP စနစ်ဖြင့် အထည်ချုပ် လုပ်ငန်းကို သုံ့ပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ မြေကွက်အကျယ်မှာ(၂၀၀ပေx.၅၆ပေ)နှင့်(၄၀ပေx ၆၀ပေ) ရှိပါသည်။ အဆိုပါမြေပေါ်[illegible]x ၄၀ပေ)ရှိ RC အဆောက်အအုံနှင့် (၉၃ပေx ၆၂ပေ)ရှိ ပျဉ်ထောင်အဆောက်အအုံရှိပါသည်။ ယင်းမြေနှင့် အဆောက်အအုံကို ပိုင်ရှင်ဖြစ်သူ ဦးမျိုးမြင့်ထံမှ (၅)နှစ်စာချုပ်ဖြင့် ၁-၄-၂၀၀၀ ရက်စနေ့မှစတင်၍ ငှားရမ်းပြီး လုပ်ငန်း

ဆောင်ရွက် နေခြင်းဖြစ်ပါသည်။ စက်ရုံ၏ အရှေ့ဘက်တွင် အမှတ်(၂)စက်မှုလက်မှုလုပ်ငန်းစက်ရုံနှင့် ဘေးအနီးပတ်ဝန်းကျင်တွင် အထည်စက်ရုံနှင့် စောင်စက်ရုံတို့ တည်ရှိပါသည်။ စက်ရုံပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်မှုရှိပါသည်။ စက်ရုံတည်နေရာပြပုံစံကို နောက်ဆက်တွဲ(က) ဖြင့် ပူးတွဲတင်ပြထားပါသည်။ ယင်းကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာမှာ ဒေါ်သီသီဝင်းဖြစ်ပြီး အလုပ်သမား ဦးရေ(၃၆၀)ဦး၊ စက်အလုံးရေ(၁၄၆)လုံးဖြင့် အမျိုးသား/ အမျိုးသမီးဝတ်ဂျာကင်၊ ဘောင်းဘီရှည်နှင့် ကလေးဝတ်အင်္ကျီအထည်များ ထုတ်လုပ်လျက်ရှိရာ တစ်လလျှင် အထည်မျိုးစုံဒါဇင် (၂၆၀၀)ခန့် ထုတ်လုပ်နိုင်ကြောင်း သိရှိရပါသည်။ လုပ်ငန်းလုပ်ကိုင်နေသော နေရာမှာ လူနေရပ်ကွက်အတွင်း ဖြစ်နေသော်လည်း ပတ်ဝန်းကျင်မှ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိကြောင်း လက်မှတ်ရေးထိုးထားခြင်းနှင့် သက်ဆိုင်ရာရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထောက်ခံချက်အရ အင်းစိန်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ မြန်မာဧရာဝတီ အထည်ချုပ်စက်ရုံအား ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံတင်ပြထားပါသည်။

(ခ) **သုံးသပ်ချက်။** မြန်မာဧရာဝတီထုတ်လုပ်မှုကုမ္ပဏီလီမိတက်၏ အထည်ချုပ်လုပ်ငန်းသည် လူနေရပ်ကွက်အတွင်း တည်ရှိနေသော်လည်း ယခင်ကတည်းက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဖြစ်ခြင်း၊ ပတ်ဝန်းကျင်အား [illegible]ရှိခြင်း၊ အနှောင့်အယှက်မရှိခြင်း၊ ဘေးပတ်ဝန်းကျင်တွင် အခြားစက်ရုံများ တည်ရှိနေခြင်း၊ ပတ်ဝန်းကျင်မှလည်း တစ်စုံတစ်ရာ ကန့်ကွက်မှုမရှိသည့်အပြင် သက်ဆိုင်ရာရပ်ကွက်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ကန့်ကွက်မှုမရှိကြောင်းထောက်ခံတင်ပြထားခြင်းတို့ကြောင့် ယင်းအထည်ချုပ် လုပ်ငန်းအား ဆက်လက်ဆောင်ရွက်ခွင့်ပြုသင့်ပါကြောင်း သုံးသပ်ရရှိပါသည်။

၃။ [illegible]ဖြစ်ပါ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်[illegible]ညွှန်ကြားမှုမိန့်ဖြင့်မဟုတ်ဘဲ၊ CMP စနစ်ဖြင့် မြန်မာဧရာဝတီထုတ်လုပ်မှုကုမ္ပဏီလီမိတက်မှ ဆောင်ရွက်လျက်ရှိသော အထည်ချုပ်လုပ်ငန်း၏ တည်နေရာ၊ ပတ်ဝန်းကျင်အခြေအနေ၊ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်နှင့် သုံးသပ်ချက်များအား သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

(ကြည်ကြည်မြ)

မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ

၅/၂၀၀၃
MIC
၆.၂.၂၀၀၃

လျှို့ဝှက်

လုပ်ငန်း စီမံကိန်း အဆိုပြုချက်၏အဓိကအချက်များ

(မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ)

၁။	ကုမ္ပဏီအမည်	မြန်မာဧရာဝတီထုတ်လုပ်မှုကုမ္ပဏီလီမိတက် (Myanmar Ayeyarwaddy Manufacturing Co., Ltd.) (၂-၅-၂၀၀၀ပြည့်နှစ် နေ့တွင်မှတ်ပုံတင်ပြီး)
၂။	လုပ်ငန်း အဆိုပြုသူအမည်	ဒေါ်သီသီဝင်း
၃။	အဆိုပြုလုပ်ငန်း အမျိုး အစား	C M P စနစ်ဖြင့်အထည်ချုပ်လုပ်ခြင်းလုပ်ငန်း (အဟောင်း)
၄။	တည်နေရာ	မြေတိုင်း ရပ်ကွက်အမှတ် (၄၀၀၊ B)၊ မြေကွက်အမှတ်အမှတ် (၉)၊ စဉ့်ငူရပ်ကွက်၊အင်းစိန်မြို့နယ်၊
၅။	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	ကျပ် ၁၉.၆၄ သန်း
	- စက်ပစ္စည်း ကိရိယာများ	ကျပ် ၁၉.၁၆ သန်း
	- ပရိဘောဂနှင့်လုပ်ငန်း သုံးပစ္စည်းများ	ကျပ် ၀.၄၈ သန်း
၆။	မြေအကြောင်းအရာ	
	- မြေအကျယ်အဝန်း	(၀.၄၆) ဧကအနက် (၀.၃၁) ဧက [(၁၂၅၄.၅၃) စတုရန်း မီတာ]
	- မြေပိုင်ဆိုင်မှု	ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီထံမှ ဦး တင်ကြိုင်၊ ဒေါ်သွန်းကြည်တို့အမည်ဖြင့်အသုံးပြုခွင့်ရရှိထားသော မြေ (မြေနှင့်အဆောက်အဦကို ငှါး ရမ်း အသုံးပြုခြင်းဖြစ်ပါသည်။)
	- မြေအမျိုး အစား	အိမ်မြေ
၇။	ထုတ်လုပ်မှု (ပုံမှန်နှစ်)	ဒါဇင် ပေါင်း
	- Jacket	၂၀၀၀၀
	- Trouser	၂၀၀၀၀
	- Others(Vest,Panty...etc)	၂၅၀၀၀
		၆၅၀၀၀ (တစ်ဦးလျှင်တစ်နှစ် ပျမ်းမျှ (၂၁၁)ဒါဇင်

အား ပေးနိုင်ပါကြောင်း ပြန်ကြားလာပါသည် (ပူးတွဲ)

